

# ကမ္ဘာ့သုတပဒေသာ
# အဆုံးစွန်သောအရာများ



## Extremely Fun Facts





# ကမ္ဘာ့သုတပဒေသာ

## အဆုံးစွန်သောအရာများ

## Extremely Fun Facts



ကမ္ဘာ့သုတပဒေသာ အဆုံးစွန်သောအရာများ
Extremely Fun Facts (Burmese version)

Drum Publication Group
P.O Box 66
Kanchanaburi 71000
Thailand

November, 2010

drum@drumpublications.org
www.drumpublications.org

ISBN  978-616-7225-23-4


# မာတိကာ


လူသားများတည်ထောင်ဆောက်လုပ်ခဲ့သည့်အံ့ဖွယ်ရာများ  စာမျက်နှာ ၁ – ၁၇

သဘာဝပတ်ဝန်းကျင်  စာမျက်နှာ ၁၈ – ၂၈

သတ္တဝါများ  စာမျက်နှာ ၂၉ – ၄၃

နိုင်ငံ  စာမျက်နှာ ၄၄ – ၄၈

# နိဒါန်း

ကျွန်ုပ်တို့သည် ပညာသင်ကြားလေ့လာသူများဖြစ်သည့်အလျှောက် အစဉ်အမြဲပင် ဗဟုသုတ သိကောင်းစရာ သုတအဖြာဖြာကိုရှာမှီးနေရဆဲဖြစ်သည်။ တစ်ခါတစ်ရံ ကမ္ဘာ့အရှည်ဆုံးမြစ် ကဘာမြစ်လဲ၊ ကမ္ဘာ့ရှေးဟောင်းအကျဆုံးက ဘာမြို့လဲ စသည်မေးခွန်းတို့မှာ အချင်းချင်းမေး လေ့မေးထရှိကြသောမေးခွန်းများဖြစ်ပါသည်။ တစ်ချို့က ဤမေးခွန်းများ၏ အဖြေကိုသိပြီးတစ် ချို့ကသိမည်မဟုတ်ပေ။

ထို့ကြောင့် ဤစာအုပ်ထဲတွင် ကမ္ဘာ့အကြီးဆုံး၊ အရှည်ဆုံး၊ အသေးဆုံးနှင့်စသည့်အဆုံးစွန် သောအရာများအကြောင်းကိုစုစည်းထားပါသည်။ အချက်အလက်များကို စာအုပ်မှဖြစ်စေ၊ အင်တာနက်များမှ ဖြစ်စေရယူထားပါသည်။ အချက်အလက်များစုဆောင်းထားပြီး သုတပဒေ သာစာအုပ်ကဲ့သို့ ထုတ်ဝေထားပါသည်။ ဗဟုသုတရှာမှီးသူများအတွက်နှင့် စာသင်ခန်းအ ထောက်အကူအဖြစ် အသုံးပြုနိုင်မည်ဟုမျှော်လင့်ပါသည်။

ဗဟုသုတဆိုသည်မှာသိမှီစုဆောင်း၍ မကုန်နိုင်သောအရာဖြစ်သည်။ အသစ်အဆန်းများအမြဲ တစေပေါ်လာသည့်အတူ လေ့လာရမည့် အချက်အလက်များမှာ ကုန်ဆုံးနိုင်မည်မဟုတ်ချေ။ ပညာရွှေအိုးလူမခိုးဆိုသည့်ဆိုရိုးအတိုင်း ပညာများကိုစုဆောင်းသိမှီကြပါစို့။



# လူသားများတည်ထောင်ဆောက်လုပ်ခဲ့သည့်အံ့ဖွယ်ရာများ

*လူသားများသည် ဆန်းသစ်သောတီထွင်ကြံဆမှုများပြုလုပ်ကြသည်။ ယင်းတို့က မြို့သစ်များ၊ တိုက်တာ အဆောက်အဦးသစ်များထူထောင်ကြပြီး တစ်ချို့မှာ အံ့သြဖွယ်ရာကောင်းလှပါသည်။ ဤအဆောက်အအုံများသည် သမိုင်းခေတ်အမွေအနှစ်ရာဇဝင်များအဖြစ်ကျန်ရှိနေလေသည်။*

## ရှေးဟောင်းအကျဆုံးမြို့ဟာဘာမြို့လဲ။



□ ဂျရီးခိုမြို့

ဂျရီးခို (Jericho) မြို့သည် ကမ္ဘာ့ရှေးဟောင်းအကျဆုံးမြို့ဖြစ်ပြီး ဂျော်ဒန်မြစ်နှင့်ပါလက်စတိုင်းနိုင်ငံ အနောက်ဘက်တွင်ရှိသည်။ ရှေးဟောင်းအမွေအနှစ်တူးဖော်သူများအဆိုအရ၊ ဤမြို့အတွင်းရှိခဲ့သောအဆောက်အအုံ ၂၀ ကျော်အနက်တစ်ခုသည် လွန်ခဲ့သောနှစ်ပေါင်း ၁၁၀၀၀ ကတည်းကရှိခဲ့သည်ဟုဆို၏။ ဤမြို့သည် ပင်လယ်ရေမျက်နှာပြင်အောက်တွင်ရှိပြီး ပင်လယ်သေ၏တောင်ဘက် ၁၀ မိုင်အကွာအဝေးတွင်ရှိသည်။ ဤမြို့ကို ယခုလူများနေထိုင်ဆဲရှေးဟောင်းအကျဆုံးမြို့ဟုသတ်မှတ်ကြသည်။

## ကမ္ဘာ့အမြင့်ဆုံးနေရာတွင်တည်ထောင်သောမြို့ဟာဘာမြို့လဲ။



□ ဝင်စူဟန် (Wenshuan) မြို့၊ တိဘက်

ဝင်စူဟန် (Wenshuan) မြို့သည်တိဘက်ရှိ တန်ကလာ (Tangla) တောင်တန်းပေါ်တွင်တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၆,၇၃၀ ပေတွင်မြို့ကိုတည်ထောင်ထားသည်။

## ကမ္ဘာ့ရှေးဟောင်းအကျဆုံးမြို့တော်ကဘာလဲ။



□ ဒမတ်စကတ် (Dasmascus) မြို့တော်၊ ဆီးရီးယားနိုင်ငံ

ဒမတ်စကတ် (Dasmascus) မြို့တော်ကို ဟိုးရှေးတုန်းကဒင်းမ်မစ်(ရှ်) ဟုသိရှိပြီးဆီးရီးယားနိုင်ငံ၏မြို့တော်ဖြစ်သည်။ ဤမြို့ကို စပယ်ပန်းမြို့ဟုလည်းခေါ်သည်။ ဤမြို့တော်ကို ဘီစီ ၂,၅၀၀ တွင်တည်ထောင်ခဲ့ပြီး ယခုအထိတိုင်ရှိနေသေးသည်။ ယခုတွင်မြို့နေလူဦးရေ ၁,၆၆၉,၀၀၀ ယောက်နီးပါးရှိသည်။ ဤမြို့သည် အယ်တီ – လက်ဘနွန်တောင်တန်းအရှေ့ဘက်မြေထဲပင်လယ်နှင့်နီးသောကုန်းပြင်မြင့်ပေါ်တွင်တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၂,၂၀၀ ပေတွင်

ရှိသည်။ တောင်တန်း၏လေကွယ်ရပ်တွင်ရှိသောကြောင့် စမတ်စကတ်မြို့တွင် မိုးရေရရှိမှုနည်းပြီး အလွန်ခြောက်သွေ့သည်။ ဤမြို့ကိုလူများနေထိုင်ဆဲ ရှေးဟောင်းအကျဆုံးမြို့တော်ဟု သတ်မှတ်ကြသည်။

## ကမ္ဘာ့မြောက်ဝင်ရိုးစွန်းအကျဆုံးတွင်ရှိသောမြို့တော်ကဘာလဲ။

ရေကျာဘစ် (Reykjavik) မြို့သည် ကမ္ဘာမြောက်ဝင်ရိုးစွန်းအကျဆုံးတွင်တည်ထောင်သည့် အိုက်(စ)လန်းနိုင်ငံ၏မြို့တော်မြို့ဖြစ်သည်။ ဤမြို့သည်မြောက်လတ္တီတွဒ် (64°08' N) တွင်ရှိသည်။ လူဦးရေစုစုပေါင်း ၁၂၀,၀၀၀ ယောက်ရှိသည်။

## ကမ္ဘာတောင်ဝင်ရိုးစွန်းအကျဆုံးတွင်ရှိသောမြို့ကဘာမြို့လဲ။

နယူးဇီလန်၏မြို့တော်ဝယ်လင်တန်မြို့သည် ကမ္ဘာတောင်ဝင်ရိုးစွန်းအကျဆုံးနေရာတွင် တည်ရှိသည်။ ယင်းသည်တောင်လတ္တီတွဒ် (41°17' S) တွင်တည်ရှိသည်။ ဤမြို့တော်တွင်လူဦးရေစုစုပေါင်း ၃၈၆,၀၀၀ ရှိပြီး ဤမြို့တော်အနီးအနားတစ်ဝိုက် ကျေးလက်ဒေသတွင်လူဦးရေ ၃,၇၀၀ ရှိသည်။

## ကမ္ဘာအကြီးဆုံးရဲတိုက်ကဘာလဲ။

မယ်လ်ဘော့ရဲတိုက်သည် ကမ္ဘာ့အကြီးဆုံးရဲတိုက်ဖြစ်ပြီး အုတ်ခဲများနှင့်ဆောက်လုပ်ထားပါသည်။ ဤရဲတိုက်သည်ပိုလန်နိုင်ငံတွင်ရှိပြီး စစ်သည်တော်များက ၁၂၇၄ ခုနှစ်တွင်ဆောက်လုပ်ခဲ့ပါသည်။ စုစုပေါင်းဧရိယာ ၁၄၃,၅၉၁ စတုရန်းမီတာရှိသည်။ ဤရဲတိုက်ကိုမရီးယန်ဘတ် (Marienburg) ဟုအမည်ပေးပြီးအဓိပ္ပါယ်မှာ မာရီရဲတိုက်ဖြစ်သည်။ သို့သော် ၁၉၄၅ ခုနှစ်မှစ၍ မဲလ်ဘော့ (Malbork) ဟုအမည်ပြောင်းလဲခဲ့သည်။ ဤရဲတိုက် သည်ပိုလန်နိုင်ငံ၏နာမည်ကျော်ပြခန်းတစ်ခုဖြစ်ပြီး ၁၉၉၇ ခုနှစ်တွင် ကမ္ဘာ့ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အဖွဲ့အစည်း United Nations Education, Science and Culture Organization (UNESCO) မှဤရဲတိုက်နှင့်ရှေးဟောင်းပြတိုက်ကြီးကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ်သတ်မှတ်ခဲ့သည်။




□ မယ်လ်ဘော့ရဲတိုက်

## ကမ္ဘာ့အမြင့်ဆုံးနေရာတွင်ရှိသောနန်းတော်ဟာဘာလဲ။



☐ ဖိုထလာနန်းတော်ပတ်ဝန်းကျင်



☐ ဖိုထလာနန်းတော်

ဖိုထလာနန်းတော် (**Potala Palace**) သည် ကမ္ဘာ့အမြင့်ဆုံးနေရာတွင်တည်ဆောက်ထားပါသည်။ ဤမြို့သည်မာဖိုရီ (**Marpo Ri**) တောင်တန်းပေါ်တွင်ရှိပြီး မာဖိုရီ၏အဓိပ္ပါယ်မှာ "တောင်ကုန်းနီ" ဖြစ်ပြီး တိဘက်နိုင်ငံ၏လာဆာမြို့တွင်တည်ရှိသည်။ ဤနန်းတော်ထဲတွင်အခန်းပေါင်း ၅,၀၀၀ ခန်း၊ ဘုရားခန်းပေါင်း ၁၀,၀၀၀ နှင့် ရုပ်တု ၂၀၀,၀၀၀ ရုပ်ရှိသည်။

ဤနန်းတော်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၁,၈၀၃ ပေတွင်ရှိပြီး အေဒီ ၁,၇၀၀၀ တွင်တည်ထောင်ခဲ့သည်။ ဤနန်းတော်ထဲတွင် ဘုန်းတော်ကြီးဒလိုင်းလားမားနေထိုင်ပြီးယင်းသည် တိဘက်ဘာသာရေးအကြီးအကဲ ၁၄ ယောက်မြောက်တစ်ယောက်ဖြစ်သည်။ ဤအဆောက်အဦးသည် အရှေ့နှင့်အနောက်အရှည် ၄၀၀ မီတာ၊ တောင်ကနေမြောက်အထိ ၃၅၀ မီတာရှိသည်။ စောင်းသည့်နေရာတွင် ၃ မီတာနီးပါးရှိပြီးကြမ်းခင်းမှာ ၅ မီတာ ( ၁၆ ပေထက်များပြီး) မြေငလျင်လှုပ်ဒါဏ်မှ ကာကွယ်ရန်အတွက် ကြေးနီများ သွန်းလောင်းထားပါသည်။

> *"လာဆာမြို့တွင်တိဘက်နိုင်ငံသားများကသူရဲကောင်းသုံးယောက်ကဲ့သို့ ကြည်ညိုလေးစားသော တောင်သုံးလုံးရှိပြီး ယင်းတို့မှာ ချိုဖိုးရီ **(Chokpori)** (အသက်တာကုန်းမြင့်)၊ ဖွန်ဝါရီ **(Pungwari)** နှင့် မာဖိုရီ **(Marpori)** တောင်ကုန်းနီတို့ဖြစ်ပါသည်။"*

## ကမ္ဘာပေါ်တွင်လူများနေထိုင်လျှက်ရှိသည့်အကြီးဆုံးသောရဲတိုက်ကဘာလဲ။


အင်္ဂလန်နိုင်ငံ၊ ဘတ်ရှိုင်းယား (Berk--shire) ပြည်နယ်တွင်ရှိသောဝင်ဆာရဲတိုက် (Winsor Castle) တွင်လူများနေထိုင်ဆဲဖြစ်သည်။ ဤရဲတိုက်၏ဧရိယာမှာ ၄၅,၀၀၀ စတုရန်းမီတာရှိသည်။ ၁၂၀၀ နှစ်များအတွင်းဆောက်လုပ်ခဲ့သော အင်္ဂလိပ်ပဒေသရာဇ်တို့၏နန်းတော်ဖြစ်သည်။ ဝင်ဆာရဲတိုက်သည် ဗြိတိသျှမင်းမျိုးမင်းနွယ်များလက်ရှိအပန်းဖြေအနားယူရန်အတွက်အသုံးချလျှက်ရှိသောရဲတိုက်ဖြစ်သည်။



□ ဝင်ဆာရဲတိုက်

## သစ်လုံးများနဲ့တည်ဆောက်ထားတဲ့ကမ္ဘာ့အကြီးဆုံးသစ်လုံးနန်းတော်ကြီးကဘာလဲ။

သီးခြားမြို့တော် (Forbidden City) ဖြစ်ပြီးတရုတ်ဘာသာစကားအားဖြင့် ကူကွန်(Gugong) ဟုခေါ်ပြီး ယင်းမှာကမ္ဘာ့အကြီးဆုံးသစ်များနှင့်တည်ဆောက်ထားတဲ့နန်းတော်ဖြစ်ပြီး တရုတ်နိုင်ငံတော်မြို့တော်ပီကင်းမြို့လယ်ခေါင်မှာတည်ရှိပါသည်။ ၁၄၀၆ ခုနှစ်နှင့် ၁၄၂၀ ခုနှစ်များတွင်တည်ထောင်ပြီး တရုတ်ဘုရင်မင်းမြတ် မင်မျိုးဆက် (Ming Dynasty) မှစ၍သျှင်မျိုးဆက် (Quing Dynasty) အထိနေထိုင်ခဲ့ပါသည်။



□ သီးခြားမြို့တော် (ကူကွန်)

ထိုနန်းတော်ကြီးထဲတွင် အဆောက်အအုံကြီး ၉၈၀ ရှိပြီးအခန်းပေါင်း ၈,၇၀၇ ခန်းရှိသည်။ အဆောက်အအုံမှာ ဧရိယာအကျယ်အဝန်း ၇၂၀,၀၀၀ စတုရန်းမီတာရှိသည်။ နန်းတော်ထဲတွင် တရုတ်ယဉ်ကျေးမှုအမွေအနှစ်များ၊ တရုတ်ပန်းချီပန်းပုများနှင့်အရာများစွာရှိသည်။ ၁၉၈၇ ခုနှစ်တွင်နိုင်ငံတကာပညာရေး၊ သိပ္ပံ၊ ယဉ်ကျေးမှု ဆိုင်ရာအဖွဲ့ (UNESCO) မှ ဤနန်းတော်ကိုကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဟုထိန်းသိမ်းခဲ့ပြီး ကမ္ဘာ့အကြီးဆုံးသစ်လုံးကြီးများဖြင့်ဆောက်လုပ်သောပြခန်းဖြစ်သည်။

## ဘုရင်များနေထိုင်ဆဲအကြီးဆုံးနန်းတော်မှာဘယ်မှာရှိသနည်း။

အီစတာနာနရူးလ်အီမန် (Istana Nurul Iman) နန်းတော်သည်ဘရူးနိုင်းနိုင်ငံ၏ စူလတန်ဘုရင်ဟာစာနာ ဘွတ်ခီးယား (Hassanal Bolkiah) မှနေထိုင်လျှက်ရှိပြီး ကမ္ဘာ့အကြီးဆုံးနန်းတော်ဖြစ်သည်။ ဤနန်းတော်သည် ဘရူးနိုင်းနိုင်ငံ၏မြို့တော် ဘန်ဒါစယ်ရီဘဂါဝန် (Bandar Seri Begawan) မြောက်ပိုင်းတွင်တည်ရှိသည်။ အီစတာနာနရူးလ်အီမန်သည် အာရပ်ဘာသာစကားဖြစ်ပြီး အဓိပ္ပါယ်မှာ "ယုံကြည်ခြင်းအလင်းရောင်နန်းတော်" ဖြစ်သည်။ ၁၉၈၄ ခုနှစ်တွင်ဆောက်လုပ်ပြီးဒေါ်လာသန်း ၃၅၀ ကုန်ကျသည်။ နန်းတော်ထဲ တွင်စခန်းပေါင်း ၁,၇၈၈ ခန်း အိမ်သာ ၂၅၇ ခန်းနှင့်စူလတန်၏ကား ၁၅၃ စီးထားနိုင်သည့်မြေအောက်ခန်းကြီးပါပါရှိသည်။



☐ အီစတာနာနရူးလ်အီမန်

"ဤနန်းတော်တွင်နေထိုင်သော ဟာစာနာဘွတ်ခီးယား (Hassanal Bolkiah) သည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးဘုရင်ဖြစ်သည်။"

## ဘုရင်များ မနေထိုင်တော့သော ကမ္ဘာအကြီးဆုံးနှင့် အလှပဆုံးနန်းတော်က ဘယ်မှာရှိသနည်း။

ဗာစီးလီးနန်းတော် (The Palace of Versailles) သည် ပြင်သစ်နိုင်ငံပဲရစ်မြို့တော်အနီးတွင်တည်ရှိသည်။ လူးဝစ် ဘုရင်မင်းဆက် ၁၄ ဆက်ကဤနန်းတော်ထဲတွင်နေထိုင်ခဲ့ပြီး ၁၆၈၂ ခုနှစ်တွင်အဆုံးသတ်ပြီးစီးပြီး ကမ္ဘာ့အကြီးဆုံးနှင့်အလှပဆုံးနန်းတော်အဖြစ်သတ်မှတ်ထားခြင်းခံရသည်။



☐ ဗာစီးလီးနန်းတော်၊ ပြင်သစ်နိုင်ငံ

## ကမ္ဘာ့အကြီးဆုံးစေတီပုထိုးကဘယ်မှာရှိသလဲ။

အန်ကောဝပ် (Angkor Wat) သည် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့တွင်ရှိသည်။ ဤဘုရားကျောင်းကြီးကို စူယာဗာမန် (Surya Varman) မင်းနှစ်ဆက်မြောက်ခေတ်ကတည်ဆောက်ခဲ့သည်။ ဤဘုရားကျောင်း၏ အကျယ်အဝန်းမှာ ၄၀၂ ကေရှိသည်။ အန်ကောဝပ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ သင်္ကေတဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံတော်အလံပေါ်တွင်လည်းပါရှိသည်။ ကမ္ဘာနိုင်ငံအသီးသီးမှခရီးသည်များကိုဆွဲဆောင်သော အရာတစ်ခုဖြစ်သည်။



□ အန်ကောဝပ်၊ ကမ္ဘောဒီးယား

## ကမ္ဘာ့အမြင့်ဆုံးနေရာတွင်တည်ရှိသော ဘုန်းကြီးကျောင်းက ဘယ်မှာရှိသနည်း။

ရွှန်ဘွတ် (Rongbuk) ဘုန်းကြီးကျောင်းသည် တိဘက်နိုင်ငံတွင်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၅,၁၀၀ မီတာတွင်ရှိသည်။ ဘုန်းကြီးနှင့်မယ်သီလရှင် ၅၀၀ ခန့်တို့ကျောင်းတွင်နေထိုင်ကြသည်။

## ကမ္ဘာ့အကြီးဆုံးဘုရားဝတ်ပြုကျောင်း (Cathedral) ကဘာလဲ။

စိန့်ဂျွန်ဘုရားဝတ်ပြုကျောင်း (Cathedral of St. John the Divine) သည် ကမ္ဘာပေါ်တွင်အကြီးဆုံးဘုရားရှိခိုးကျောင်းဖြစ်ပြီး အင်္ဂလိကန်ခရစ်ယာန်အသင်း၏ ဘုရားကျောင်းဖြစ်သည်။ ဤဘုရားရှိခိုးကျောင်းသည် အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့တွင်ရှိသည်။

၁၈၉၂ ခုနှစ်တွင်စတင်တည်ထောင်ခဲ့သည်။ ဤဘုရားကျောင်း၏ဧရိယာအကျယ်အဝန်းမှ ၁၁,၂၀၀ စတုရန်းမီ တာ၊ အရှည် ၆၀၁ ပေနှင့် အမြင့်ပေ ၂၃၂ ပေရှိသည်။ အလယ်ပိုင်းဘုရားဝတ်ပြုသူများထိုင်သည့်နေရာတွင် အမြင့်ပေ ၁၂၄ ပေရှိသည်။ ဤဘုရားကျောင်းကို ၁၈၈၈ ခုနှစ်တွင်ပုံစံဆွဲ၍ ၁၈၉၂ တွင်စတင်တည်ထောင်ခဲ့သည်။ ပထမကမ္ဘာစစ်နှင့်ဒုတိယကမ္ဘာစစ်တို့ကြောင့်အဆောက်အအုံ၏ပုံစံပြောင်းလဲခဲ့သည်။ ဒီဇင်ဘာ ၁၈ ရက်၊ ၂၀၀၁ ခုနှစ်တွင်မီး



□ စိန့်ဂျွန်ဘုရားဝတ်ပြုကျောင်း

လောင် သောကြောင့်ပြန်လည်ပြင်ဆင်ရန်အတွက်ပိတ်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင်တစ်ဖန်ပြည်လည်ဖွင့်လှစ်ခဲ့သည်။ ဤဘုရားကျောင်းကိုပြင်ဆင်၍ မပြီးသေးသဖြင့် ယင်းကိုမပြီးပြတ်သေးသည့်စိန့်ဂျွန်း (St. John the Unfinished) ဟုခေါ်ဆိုကြသည်။

## ကမ္ဘာ့အကြီးဆုံးဘုရားကျောင်းကဘယ်ဘုရားကျောင်းလဲ။

ရိုမန်ကတ်သလစ်ဘုရားကျောင်းဖြစ်သည့် ဘားစီးလီးခါဘုရားကျောင်း (The Church of the Basilica of Our Lady of Peace of Yamoussoukro) သည် ကမ္ဘာ့အကြီးဆုံးဘုရားကျောင်းဖြစ်သည်။ ဤဘုရားကျောင်းသည် အိုင်ဗာရီကို့စ် (Ivory Coast) တွင်ရှိသော ယာမို့စ်–စိုခရိုး (Yamous–soukro)မြို့တွင်ရှိသည်။ ဤဘုရားကျောင်းသည် ဧရိယာအကျယ်အဝန်း ၃၀၀,၀၀၀ စတုရန်းမီတာ၊ ကုလားထိုင်အလုံး ၇,၀၀၀ ဝင်ဆန့်ပြီး လူ ၁၈,၀၀၀ ယောက်ထိုင်နားထောင်နိုင်သည်။ ဤဘုရားကျောင်းကို ၁၉၈၅ ခုနှစ်နှင့် ၁၉၈၉ ခုနှစ်အကြားတွင်ဆောက်လုပ်ခဲ့ပါသည်။



□ ရိုမန်ကတ်သလစ်ဘုရားကျောင်း



□ Gateway to The West Arch

## ကမ္ဘာ့အမြင့်ဆုံးကျောက်တိုင်ဟာဘာလဲ။

ကမ္ဘာ့အမြင့်ဆုံးကျောက်တိုင်ကို (Gateway to The West Arch) ဟုခေါ်သည်။ ဤကျောက်တိုင်သည်စိန့်လူးဝစ် (St. Louis)၊ မစ်စူရီပြည်နယ်တွင်ရှိသည်။ ဤကျောက်တိုင်အမြင့်မှာ ၆၃၀ ပေမြင့်သည်။ ဤကျောက်တိုင် ကို ၁၉၆၃ ခုနှစ်တွင်စတင်တည်ထောင်ပြီး ၁၉၆၅ ခုနှစ်တွင်ပြီးစီးခဲ့သည်။

## ကမ္ဘာပေါ်တွင်အလှပဆုံးအထိန်းအမှတ်ကျောက်တိုင်ဟာဘာလဲ။





□ တပ်(ဂျ်)မဟာ

အိန္ဒိယနိုင်ငံ၊ အာခရာမြို့ရှိ တပ်(ဂျ်)မဟာ **(Taj Mahal)** နန်းတော်ကြီးဖြစ်သည်။ ဤနန်းတော်ကြီးကို စကျင်ကျောက်ဖြူများနှင့်ဆောက်လုပ်ထားပြီး မိမိ၏မိဖုရား "မူထဆမာဟာ" အတွက် ၁၆၃၂ ခုနှစ်တွင်စတင်တည်ဆောက်၍ ၁၆၅၃ ခုနှစ်တွင်ပြီးဆုံးခဲ့ပါသည်။ ၁၉၈၃ ခုနှစ်တွင် **UNESCO** မှ ကမ္ဘာ့အမွေအနှစ်အဖြစ်သတ်မှတ်ခဲ့သည်။

## ကမ္ဘာ့အကြီးဆုံးပန်းပုရုပ်ထုကဘာလဲ။

ကမ္ဘာ့အကြီးဆုံးပန်းပုရုပ်ထုသည် အမေရိကနိုင်ငံ၊ ဂျော်ဂျီယာပြည်နယ်ရှိ **Stone Mountain** တောင်ကုန်းဘေးတွင် ထွင်းထားသော ပန်းပုရုပ်ထုများဖြစ်သည်။ ဤရုပ်ထုသည် လူသုံး





□ အမေရိကန်နိုင်ငံ၊ Stone Mountain ရှိရုပ်ထု

ယောက်မြင်းစီးသောရုပ်ထု (ဘယ်မှညာသို့) ဂျက်ဖာစန်ဒါဗိ(စ်) **(Jefferson Davis)**၊ ဗိုလ်မှူးကြီးရောဘတ်အက်ဒဝပ်လီး **(Robert Edward Lee)** နှင့်ဗိုလ်မှူးချုပ် ထောမတ်(စ)ဂျိုနသန်ဂျက်ဆင်တို့၏ ရုပ်ထုဖြစ်သည်။ ဤရုပ်ထု၏ဧရိယာ အကျယ်အဝန်းမှာ ၁.၃၃ ကေရှိပြီးအရှည်မှာ ၂၇.၄ မီတာရှိသည်။ ဤရုပ်ထုကို ၈ နှစ်နှင့် ၁၇၄ ရက်ကြာအောင်ထုလုပ်ခဲ့ရသည်။

## ကမ္ဘာ့အကြီးဆုံးအီဂျစ်ပိရမစ်မှာ မည်သည့်နေရာတွင်ရှိပါသနည်း။



□ ကူးဖူးပိရမစ်ကြီး

ကူးဖူးပိရမစ်ကြီး (The Great Pyramid of Khufu) သို့မဟုတ် ချီးအော့ဖ်စ် (Cheops) သည် ကမ္ဘာ့အံ့သြဖွယ်ရာ တစ်ခုအတွင်း အပါအဝင်ဖြစ်ပြီး ကိုင်ရိုမြို့အနီးရှိဂီဇာတွင် တည်ဆောက်ခဲ့သော အီဂျစ်ပိရမစ်များထဲတွင် အကြီးဆုံးဖြစ်သည်။ အီဂျစ်ဘုရင်လေးဆက်မြောက်ကို မြုပ်နှံခဲ့သည့်နေရာလည်းဖြစ်သည်။ သူဟာဘုရင် ၂၃ ခုနှစ်ဖြစ်ခဲ့ပြီး ဂီဇာတွင်ပိရမစ်ဆောက်ရာတွင် နာမည်ကြီးခဲ့သောသူဖြစ်သည်။



□ လီးထွန်သင်္ချိုင်း

## ကမ္ဘာ့အကြီးဆုံးသင်္ချိုင်းဘယ်မှာရှိသနည်း။

တရုတ်နိုင်ငံစီယန် (Xianyang) မြို့ရှိ လီးထွန်သင်္ချိုင်း (The Mount Li Tomb) သည် ကမ္ဘာ့အကြီးဆုံး သင်္ချိုင်းဖြစ်သည်။ ပထမမြောက်ဘုရင်သျှင်သျီဟွမ်ဒီ၏ သင်္ချိုင်းဖြစ်သည်။ ထိုဘုရင်နှင့်အတူ ယင်း၏စစ်သား ၇,၀၀၀ ယောက်နှင့်အတူမြုပ်နှံထားပါသည်။



□ ဂရိတ်ဝေါတံတိုင်း

## ကမ္ဘာ့အကြီးဆုံးမြို့တံတိုင်းဘယ်မှာရှိသနည်း။

တရုတ်နိုင်ငံရှိဂရိတ်ဝေါတံတိုင်း (The Great Wall of China) သည်ကမ္ဘာ့အကြီးဆုံးမြို့တံတိုင်းဖြစ်သည်။ တံတိုင်းအရှည်မှာ ၈,၈၅၁ ကီလိုမီတာဖြစ်ပြီး ဘုရင်သျီဟွာဒီ၏ခေတ်ခရစ်သက္ကရာဇ် ၂၁၀ – ၂၁၁ တို့တွင် တည်ဆောက်ခဲ့သည်။ တရုတ်နိုင်ငံ၏မြောက်ဘက်ပိုင်းတွင်တည်ရှိပါသည်။ တရုတ်နိုင်ငံ၏အနောက်ဘက်တွင် စတင်တည်ဆောက်ပြီးမွန်ဂိုးလီးယားပြည်၏တောင်ပိုင်း အထိရှိပါသည်။

"ဂရိတ်ဝေါကိုတည်ထောင်ရန်အတွက် တရုတ်လူမျိုးဆင်းရဲသား သောင်းပေါင်းများစွာကိုနှိပ်စက်ခိုင်းစေခဲ့သည်။"

## ကမ္ဘာ့အကြီးဆုံးအုပ်ချုပ်ရေးရုံးကဘယ်မှာရှိသနည်း။



အမေရိကန်နိုင်ငံတွင်တည်ရှိသောဖင်တကွန် (Pentagon) စစ်ရုံးချုပ်တစ်ခုရှိပါသည်။ ယင်း၏ဧရိယာ အကျယ်အဝန်းမှာ ၆၀၄ စတုရန်းကီလိုမီတာရှိပြီး လူအင်အား ၂၃,၀၀၀ ရှိသည်။ အဆောက်အအုံတွင်အထပ်ငါးထပ်ရှိသည်။

□ ဖင်တကွန်စစ်ရုံးချုပ်

## ကမ္ဘာ့အမြင့်ဆုံးနှစ်ဆောင်တွဲတိုက်ကြီးဟာဘာလဲ။



မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူရှိ ပီထရိုနပ်(စ်)တိုက် (Petronus Tower) သည် ကမ္ဘာ့အမြင့်ဆုံးနှစ်ဆောင်တွဲတိုက်ဖြစ်သည်။ တိုက်အမြင့် ၄၅၂ မီတာ၊ တိုက်အထပ်ပေါင်း ၈၈ ထပ်နှင့် ၁၉၉၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိအမြင့်ဆုံးတိုက်အဖြစ်အသိအမှတ်ပြုခံခဲ့ရသည်။ ဤသည်မှာတိုင်ပေ ၁၀၁ (Taipei 101) မိုးထိတိုက်ကြီးကိုဆောက်လုပ်ပြီးသည့်အထိဖြစ်သည်။ သို့သော်နှစ်ဆောင်တွဲအမြွှာပူးတိုက်များထဲမှာဆိုလျှင် အမြင့်ဆုံးပင်ဖြစ်သည်။

□ ကမ္ဘာ့အမြင့်ဆုံးနှစ်ဆောင်တွဲတိုက်ကြီး

## ကမ္ဘာ့အမြင့်ဆုံးသံဖြင့်ဆောက်လုပ်ထားသည့်မျှော်စင်ဟာဘာလဲ။


အိုင်းဖယ်လ်မျှော်စင် (Eiffel Tower) သည် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်၏အလယ်ပိုင်းတွင်ရှိသည်။ ယင်းကို (La Dame De Fer - သံဖြင့်ဆောက်လုပ်ထားသောမိန်းမပျို) ဟုခေါ်ဆိုပြီး



ကမ္ဘာတစ်ဝှမ်းလုံးနာမည်ကျော်ကြားသည့်မျှော်စင်ကြီးဖြစ်သည်။ ဤမျှော်စင်ကြီး၏အမည်ကို ယင်းအားဆောက်လုပ်ပေးခဲ့သည့်ဗိသုကာပညာရှင် ကတ်စတိတ်အိုင်းဖယ် (**Gustave Eiffel**) ၏အမည်ကို ယူ၍ မှည့်ဆိုထားခြင်းဖြစ်သည်။ ဤမျှော်စင်သည် အမြင့် ၃၂၄ မီတာ (၁,၀၆၃ ပေ) ရှိပြီးတိုက် ၈၁ တိုက်အမြင့်လောက်ရှိသည်။ ဤအဆောက်အအုံသည် ပြင်သစ်နိုင်ငံပဲရစ်မြို့၏ သင်္ကေတအဖြစ်လူသိများပြီး ရုပ်ရှင်များထဲတွင် မပါမဖြစ်အရာဖြစ်သည်။

□ အိုင်းဖယ်လ်မျှော်စင်


## ကမ္ဘာ့အကြီးဆုံးရေကာတာဘယ်မှာရှိသနည်း။



□ Three Gorges Dam

တရုတ်နိုင်ငံ၏ချောက်ကမ်းပါးသုံးခု (**Three Gorges**) သည်ရေတု ၃၉.၃ သန်းကုဗမီတာကိုသိုလှောင်ထားနိုင်သည့် ကမ္ဘာ့အကြီးဆုံးရေကာတာဖြစ်သည်။ အမြင့်ပေ ၁၂၀ ကီလိုမီတာနှင့်အကျယ်အဝန်း ၂၀၀ ကီလိုမီတာရှိသည်။ ဤရေကာတာသည် သဘာဝအလှတရားနှင့်ပြည့်စုံပြီး သမိုင်းနှင့်ယဉ်ကျေးမှုအမွေအနှစ်များနှင့်ပြည့်စုံသည့်အရာဖြစ်သည်။

## ကမ္ဘာ့အကြီးဆုံးတူးမြောင်းဘယ်မှာရှိသနည်း။



ဂရိနိုင်ငံရှိခေါရင် (**Corinth**) တူးမြောင်းဖြစ်သည်။ အရှည် ၆.၃ ကီလိုမီတာ၊ အကျယ် ၈၁ ပေနှင့်အနက် ၂၆ ပေရှိသည်။ ၁၈၈၁ – ၁၈၉၃ ခုနှစ်များအတွင်းတည်ဆောက်ခဲ့သည်။

□ ခေါရင်တူးမြောင်း

## ကမ္ဘာ့သင်္ဘောအသွားအလာများဆုံးတူးမြောင်း ဘယ်မှာရှိသနည်း။

စူးအက်တူးမြောင်း (Suez Cannel) သည်ပင်လယ်နီနှင့် မြေထဲပင်လယ်ကို ဆက်ထားသောတူးမြောင်းဖြစ်သည်။ အရှည်မှာ ၁၉၃ ကီလိုမီတာ၊ အကျယ် ၂၀၅ မီတာနှင့်အနက် ၂၄ မီတာရှိသည်။ ၁၈၆၉ ခုနှစ်တွင်စတင်ဖွင့်လှစ်၍ ဤတူးမြောင်းသည် ဥရောပနှင့်အာရှကို အာဖရိကဘက် ကကွေ့သွားစရာမလိုပဲ တိုက်ရိုက်သွားနိုင်သောကြောင့် ဖြစ်သည်။



□ စူးအက်တူးမြောင်း

## ကမ္ဘာ့အကြီးဆုံးအားကစားကွင်းဟာဘာလဲ။

ခိုလိုစီယမ် (Coloseum) အားကစားကွင်းသည် ရောမခေတ်ကာလတွင်ကစားကွင်းဖြစ်ပြီး ပရိသတ် ၈၀,၀၀၀ ကျော်ဝင်ဆန့်နိုင်သည်။ ခရစ်သက္ကရာဇ် ၇၀ – ၇၂ နှစ်အတွင်းတည်ဆောက်ခဲ့သည်။ ဤသည်မှာ ရောမခေတ်၏လုပပြီးအကြီးမားဆုံးလက်ရာတစ်ခုဖြစ်သည်။



□ ခိုလိုစီယမ်၊ အီတလီနိုင်ငံ

## ကမ္ဘာ့အသက်အကြီးဆုံးတိရစ္ဆာန်ရုံဟာဘာလဲ။

အင်္ဂလန်ပြည်ရှိ တောင်ပိုင်းလန်ဒန်မြို့တွင်ရှိသော လန်ဒန်တိရစ္ဆာန်ရုံသည် ကမ္ဘာ့အသက်အကြီးဆုံးတိရိစ္ဆာန်ရုံဖြစ်သည်။ ၁၈၂၈ ခုနှစ်ဧပြီလ ၂၇ ရက်နေ့တွင်စတင်တည်ဆောက်ခဲ့သည်။ ယခုအချိန်တွင် တိရစ္ဆာန်အမျိုးပေါင်း ၇၅၅ မျိုးရှိသည်။ ပထမတွင် တိရစ္ဆာန်များကိုသုတေသနပြုရန်စုဆောင်းထားပါသည်။ သို့သော် ၁၈၄၇ ခုနှစ်တွင်ပြည်သူများလေ့လာကြည့်ရှုရန်ဖွင့်လှစ်ခဲ့သည်။

## ကမ္ဘာ့အသက်အကြီးဆုံးပြတိုက်ဟာဘာလဲ။

အင်္ဂလန်နိုင်ငံ၊ အောက်စဖို့(ဒ်)မြို့ရှိအက်(ရှ်)မိုလင် (Ashmolean) ပြတိုက်သည်ကမ္ဘာ့အသက်အကြီးဆုံးပြတိုက်ဖြစ်သည်။ ၁၆၇၉ – ၁၆၈၃ တွင်စတည်တည်ထောင်ခဲ့သည်။

## ကမ္ဘာ့အကြီးဆုံးစာကြည့်တိုက်မည်မျှရှိသနည်း။



□ ကွန်ဂရက်စာကြည့်တိုက်

အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ပြည်နယ်ရှိ ကွန်ဂရက်စာကြည့်တိုက် (The Library of Congress) သည်ကမ္ဘာ့အကြီးဆုံးစာကြည့်တိုက် ဖြစ်ပြီး ၁၈၀၀ ခုနှစ်တွင်တည်ဆောက်ခဲ့သည်။ စာအုပ်ပေါင်း ၁၆.၈ သန်းကျော်ရှိပြီး၊ သတင်းအချက်အလက်ပေးသောကိရိယာ ၈၂.၅ ပြီးစာအုပ်စင်မြင့်မှာအရှည် ၅၃၂ မိုင်အထိရှိသည်။

## ကမ္ဘာ့အသက်အကြီးဆုံးစာကြည့်တိုက်ဟာဘာလဲ။

အမေရိကန်ပြည်ထောင်စုတွင်းရှိ ဟားဗတ်တက္ကသိုလ် (Harvard University) စာကြည့်တိုက်ဖြစ်ပြီး ၁၆၃၃ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပါသည်။ ကမ္ဘာ့ဗဟုသုတမိုးငြမ်းရှာဖွေရန်အသက်အကြီးဆုံးနှင့်အကောင်းဆုံးစာကြည့်တိုက်ဖြစ်သည်။

## ကမ္ဘာ့အကျယ်ဆုံးပန်းဥယျာဉ်ဟာဘာလဲ။

ခူခိုင်ဟော့ပန်းခင်း (Keukenhof Garden) သည် နယ်သာလန်နိုင်ငံတွင်းရှိ၍ ကမ္ဘာ့အကြီးဆုံးပန်းခင်းကြီးဖြစ်သည်။ ဧရိယာအကျယ်အဝန်း ၃၂ ဧကရှိပြီး ဥယျာဉ်ထဲတွင်အသုံးပြုရန် မီးသီး ၆ သန်းကျော်ရှိပြီး ကမ္ဘာ့အကျယ်ဆုံးပန်းဥယျာဉ်ဖြစ်သည်။ ပန်းပေါင်း ၇ သန်းကျော်ကို စိုက်ပျိုးလျှက်ရှိသည်။ ခူခိုင်ဟော့ပန်းခင်း (Keukenhof Garden) သည် အနှစ် ၃၀ အတွင်း ကမ္ဘာ့အကြီးဆုံးပန်းခင်းဖြစ်သည်။

## ကမ္ဘာ့အရှည်ဆုံးအဝေးပြေးလမ်းမကြီးကဘာလဲ။

ဖန်–အမေရိကန်အဝေးပြေးလမ်းမကြီး (The Pan-American Highway) သည်အလာစကာမှစတင်၍ ဘရာဇီးလ်နိုင်ငံရှိ ဘရားစီးလီးယားမြို့တွင်အဆုံးသတ်သည်။ ဤအဝေးပြေးလမ်းမကြီးသည် ၂၄,၁၄၀ ကီလို မီတာရှိသည်။

## ကမ္ဘာ့အရှည်ဆုံးလမ်းမကြီးကဘာလဲ။

ကနေဒါနိုင်ငံ၊ တိုရန်တိုမြို့ရှိယွန် (Yonge) လမ်းမကြီးဖြစ်သည်။ လမ်းမအရှည် ၁၈၉၆ ကီလိုမီတာရှိပြီး ၁၇၉၀ ခုနှစ်တွင်စတင်တည်ထောင်ခဲ့သည်။

## ကမ္ဘာ့အကျယ်ဆုံးလမ်းမကြီးဟာဘာလဲ။

မိုနူးမက်ထယ်လ် – ဘရာဇီးလ် (Monumental Axis – Brazil) သည် ဘရာဇီးလ်နိုင်ငံရှိ၊ ဘရာစီးလီးယားမြို့တွင်ရှိသည်။ ဤလမ်းမကြီးသည် ယဉ်ကြော ၆ ခုစီရှိပြီး လမ်းမှာအသွားအပြန်နှစ်လမ်းရှိသည့်အတွက် စုစုပေါင်းယာဉ်ကြော ၁၂ လမ်းဖြစ်သည်။

## ကမ္ဘာ့အကျယ်ဆုံးလေယာဉ်ကွင်းကဘာလဲ။

စော်ဒီအာရေးဗျနိုင်ငံ၊ ဒါမန် (Dammam) မြို့ရှိ ကင်းဖတ်နိုင်ငံတကာလေယဉ်ကွင်း (King Fahd International Airport) သည်ကမ္ဘာ့အကျယ်ဆုံးလေယဉ်ကွင်းဖြစ်သည်။ ဧရိယာအကျယ်အဝန်း ၇၈၀ စတုရန်းကီလိုမီတာရှိသည်။

## ကမ္ဘာ့အမြင့်ဆုံးဒေသတွင်ရှိသောလေဆိပ်ဟာဘာလဲ။

တိဘက်ရှိလာဆာ (Lhasa) လေဆိပ်သည် ကမ္ဘာ့အမြင့်ဆုံးနေရာတွင်ရှိသောလေဆိပ်ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၄,၃၀၃ မီတာတွင်ရှိသည်။ လေယာဉ်ပျံပြေးလမ်းအရှည်မှာ ၄,၀၀၀ မီတာရှိသည်။ လေယာဉ်ကွင်းကို ၁၉၅၆ ခုနှစ် မတ်လတွင် ပီကင်း–ချိုင်းဒူသို့ ပထမဆုံးအကြိမ်အဖြစ် ၂၀၀၄ ခုနှစ်တွင် လေယာဉ်စတင်ပျံသန်းခဲ့ပါသည်။

## ကမ္ဘာ့အမြင့်ဆုံးဒေသတွင်ရှိသောမီးရထားဘူတာဟာဘာလဲ။

ကမ္ဘာ့အမြင့်ဆုံးမီးရထားဘူတာဟာ တိဘက်နိုင်ငံတွင်ရှိသော ထပ်ကူလာမီးရထားဘူတာ (Tanggula Railway Station) ဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ၅,၀၆၈ မီတာမှာရှိပါတယ်။ ဧရိယာအကျယ်အဝန်းအားလုံး ၇၇,၀၀၂ စတုရန်းမီတာရှိပါသည်။

## ကမ္ဘာ့အရှည်ဆုံးမြေအောက်ရထားလမ်းဟာဘာလဲ။

အင်္ဂလန်နိုင်ငံရှိ လန်ဒန်မြေအောက်ရထားလမ်းသည် ကမ္ဘာ့အရှည်ဆုံးမြေအောက်ရထားလမ်းဖြစ်သည်။ အရှည်မှာ ၄၀၀ ကီလိုမီတာရှိပါသည်။ ကမ္ဘာပေါ်တွင်ပထမဆုံးသောရထားဘူတာလည်းဖြစ်သည်။

## ကမ္ဘာ့အရှည်ဆုံးမီးရထားလမ်းကဘာလဲ။

ဆိုက်ဘီးရီးယားမီးရထားလမ်း (Train-Siberian Line – Moscow) ဟုခေါ်သည်။ ဆိုက်ဘီးရီးယားမီးရထားလမ်းသည် ကမ္ဘာ့အရှည်ဆုံးမီးရထားလမ်းဖြစ်ပြီး မော်စကိုမှနေ၍ဂျပန်ပြည်ဒါခိုဒါမြို့အထိရှိသည်။ အရှည်မှာ ၉,၄၃၈ ကီလိုမီတာရှိသည်။ မော်စကိုမှနေ၍ ဥရောပရှိရုရှတိုက်နှင့်ရုရှတိုက်အရှေ့ဘက်မွန်ဂိုးလီးယား၊ တရုတ်နှင့်ဂျပန် ပင်လယ်ကမ်းခြေ အထိဖြစ်သည်။ ဤမီးရထားလမ်းသည် ကမ္ဘာပေါ်တွင်အရှည်ဆုံး မီးရထားလမ်းဖြစ်သည်။

## ကမ္ဘာ့ပေါ်တွင်အလုပ်အများဆုံးသင်္ဘောဆိပ်ကမ်းဘယ်မှာရှိသနည်း။

စင်ကာပူနိုင်ငံသင်္ဘောဆိပ် (Port of Singapore) သည် သင်္ဘောအသွားအလာနှင့်သင်္ဘောဆိုက်ကပ်မှု အများဆုံးရှိသောနိုင်ငံဖြစ်သည်။ နိုင်ငံပေါင်း ၁၂၃ နိုင်ငံမှ နိုင်ငံခြားသင်္ဘောများဆိုက်ကပ်၍ သင်္ဘောဆိပ်အားလုံး ၆၀၀ ကျော်ရှိသည်။ သင်္ဘောအလဲအလှယ်အတက်အဆင်းများသောနိုင်ငံလည်းဖြစ်သည်။

## ကမ္ဘာပေါ်တွင်အရှည်ဆုံးရေအောက်ရထားလမ်းကဘာလဲ။

ဂျပန်ပြည်မှ စီကန် (Seikan Tunnel) ရေအောက်ရထားလမ်းဖြစ်သည်။ ဤရေအောက်လမ်းမှာ ကမ္ဘာပေါ်တွင်အရှည်ဆုံးဖြစ်သည်။ ဤရေအောက်ရထားလမ်းသည် ဟွန်ရှူမှဟော်ကိုင်းဒိုကျွန်းအထိရှိပြီး ၅,၃၈၅ ကီလိုမီတာရှိသည်။



□ Reliance Jamnagar Complex

## ကမ္ဘာ့အကြီးဆုံးရေနံချက်စက်ရုံဘယ်မှာရှိသလဲ။

အိန္ဒိယပြည်မှာရှိတဲ့ (Reliance Jamngar Complex -RIL) ဖြစ်ပါသည်။ တစ်ရက်အတွင်းရေနံစည်ပေါင်း ၁,၂၄၀,၀၀၀ တိုင်ကီကိုထုတ်လုပ်နိုင်ပါသည်။

## ကမ္ဘာ့အမြင့်ဆုံးဓါတ်လှေကားဟာဘယ်မှာလဲ။

ဟောင်ကောင် တရုတ်နိုင်ငံရှိ အိုရှင်းပတ် (Ocean Park) တွင် ရှိသော လေးစင်းပြိုင် ဓါတ်လှေကားမှာ ကမ္ဘာ့အရှည်ဆုံးဓါတ်လှေကားဖြစ်သည်။ ဓါတ်လှေကားအမြင့်ပေ ၇၄၅ ပေရှိသည်။



□ Ocean Park ဓါတ်လှေကား



# သဘာဝပတ်ဝန်းကျင်



*ကမ္ဘာပေါ်ရှိ သဘာဝပတ်ဝန်းကျင်သည် အလွန်ပင်အံ့သြဖွယ်ရာကောင်းသည်ကို တွေ့ရှိရမည်။ တောင်တန်းများ၊ ပင်လယ်သမုဒ္ဒရာများ၊ သဲကန္တာရများ၊ ချောက်ကမ်းပါးများ၊ ကွင်းပြင်ကြီးများနှင့်တောကြီးမျက်မည်းများနှင့် ကျွန်ုပ်တို့မလေ့လာမတွေ့ဖူးသော အရာများစွာရှိသေးသည်။ ကမ္ဘာ၏အလှပဆုံးမီးတောင်သည် ဘယ်မီးတောင်ဖြစ်သည်နှင့် ကမ္ဘာ့အကြီးဆုံးကျွန်းကို မည်သို့ခေါ်ပါသလဲ။ ဤစာအုပ်မှပါသော အချက်အလက်များကို ဖတ်ရှု၍ကမ္ဘာပေါ်ရှိအဆုံးစွန်သောအရာများကို ကြည့်ရှုလေ့လာပါ။*

## ကမ္ဘာ့အကြီးဆုံးတိုက်ကြီးဘယ်မှာရှိသနည်း။




အာရှတိုက်သည် ကမ္ဘာ့အကြီးဆုံးတိုက်ကြီးဖြစ်ပြီး ကျွန်းဆွယ်များအပါအဝင် ဧရိယာအကျယ်အဝန်း ၂၀,၇၀၀,၀၀၀ စတုရန်းမိုင်ရှိပါသည်။ အာရှတိုက်သည် ကမ္ဘာ့အကြီးဆုံးတိုက်ဖြစ်သည်သာမက ကမ္ဘာ့လူဦးရေအများဆုံးတိုက်ကြီးလည်းဖြစ်သည်။ ဤတိုက်ကြီးသည် ကမ္ဘာ့မြေမျက်နှာပြင်၏သုံးပုံတစ်ပုံရှိသည်။ အာကာသယာဉ်ကိုတက်စီး၍ အပေါ်မှ ငုံ့ကြည့်လျှင်အာရှတိုက်သည် အာဖရိကတိုက်နှင့် ဥရောပတိုက်နှင့်တွဲလျက်ရှိပြီး အာဖရိကတိုက်နှင့်ဥရောပတိုက်နှစ်တိုက်လုံးကိုပေါင်းလျှင် အာရှတိုက်ထက်ပင် သေးငယ်သည်ကိုတွေ့ရမည်။ ထို့ထက်မကမြောက်အမေရိကနှင့် တောင်အမေရိကတိုက်နှစ်ခုစလုံးပေါင်းလျှင် အာရှတိုက်ထက်ပင်သေးငယ်ပါသည်။


## ကမ္ဘာ့အငယ်ဆုံးတိုက်ကြီးဘယ်မှာရှိသနည်း။




ဩစတြေးလျတိုက်သည် ကမ္ဘာ့အငယ်ဆုံးတိုက်ကြီးဖြစ်ပြီး ဧရိယာအကျယ်အဝန်း ၂,၉၄၁,၅၂၆ စတုရန်းမိုင်ရှိသည်။ ဩစတြေးလျတိုက်သည်တိုက်ကြီးတစ်ခုတည်းသာမဟုတ်ဘဲ တက်စမေးနီးယားနိုင်ငံနှင့်ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းရှိ ကျွန်းကလေးများသာပါဝင်သည်။ ၂၀၀၅ ခုနှစ် လူဦးရေစာရင်းကောက်ချိန်တွင် လူဦးရေစုစုပေါင်းသန်း ၂၀ ကျော်ရှိသည်။ ဩစတြေးလျ၏မြို့တော်မှာကင်းဘာရာမြို့ဖြစ်သည်။ အကြီးဆုံးမြို့မှာဆစ်ဒနီမြို့ဖြစ်သည်။

## ကမ္ဘာ့အကြီးဆုံးကျွန်းဆွယ်ဘယ်မှာရှိသနည်း။

အာရေးဘီးယန်းကျွန်းဆွယ်မှာ ကမ္ဘာ့အကြီးဆုံးကျွန်းဆွယ်ဖြစ်သည်။ ဧရိယာအကျယ်အဝန်း ၁.၂၅ စတုရန်းမိုင်ရှိပြီး ကမ္ဘာပေါ်တွင်အကြီးဆုံးကျွန်းဆွယ်ဖြစ်သည်။ ဤကျွန်းဆွယ်တွင်ဘာ



ရိန်း၊ ကူဝိတ်၊ အိုမန်၊ ကွာတာ၊ အာရတ်ပြည်ထောင်စုနိုင်ငံနှင့် ဆော်ဒီအာရေးဗျနိုင်ငံတို့ပါဝင်သည်။ အာရေးဘီးယားကျွန်းဆွယ်သည် ကမ္ဘာပေါ်တွင်ရေနံနှင့် သဘာဝဓါတ်ငွေ့အများဆုံး ထုတ်လုပ်သောနိုင်ငံဖြစ်သည်။

☐ အာရေးဘီးယားကျွန်းဆွယ်

## ကမ္ဘာ့အကြီးဆုံး သမုဒ္ဒရာဟာ ဘယ်သမုဒ္ဒရာလဲ။

ကမ္ဘာ့အကြီးဆုံးသမုဒ္ဒရာမှာ အကျယ်အဝန်း ၁၆၆,၂၄၁,၇၀၀ စတုရန်းကီလိုမီတာရှိသည်။ ပင်လယ်ရေအနက် ၁၂,၉၅၂ ပေရှိသည်။ ဤသမုဒ္ဒရာ၏ အောက်ခြေတွင် ပစိဖိတ်မီးကွင်းဟုခေါ်သော တန်းစီတွဲလျှက်ရှိသော တောင်တန်းများရှိသည်။

## ကမ္ဘာ့အနက်ဆုံးနေရာဟာဘာလဲ။

ကမ္ဘာ့အနက်ဆုံးနေရာသည်  မာရီးယားနားချောက်ကမ်းပါး (Marianas Trench) ဖြစ်ပြီးအနက် ၃၅,၇၉၇ ပေရှိပါသည်။  ဤနေရာသည် ပစိဖိတ်သမုဒ္ဒရာထဲတွင်ရှိပါသည်။

## ကမ္ဘာ့အသေးဆုံး သမုဒ္ဒရာဟာ ဘယ်သမုဒ္ဒရာလဲ။

ကမ္ဘာ့အသေးဆုံးသမုဒ္ဒရာသည် အာတိတ်သမုဒ္ဒရာဖြစ်ပြီး အကျယ်အဝန်း ၁၃,၂၀၃,၇၀၀ စတုရန်းကီလိုမီတာရှိသည်။ ဤသမုဒ္ဒရာသည် အမေရိကတိုက်ကြီး၏ တစ်တိုက်နှင့်တစ်ဝက်နီးပါးရှိသည်။ အာတိတ်သမုဒ္ဒရာ၏ အနက်ဆုံးနေရာမှာယူရေးရှားချောက်ဖြစ်ပြီးအနက်ပေ ၅.၄၅ ကီလိုမီတာသာရှိသည်။ အများအားဖြင့်သမုဒ္ဒရာသည် ဆီးနှင်းများဖြင့်ဖုံးလွှမ်းလျှက်ရှိပါသည်။

## ကမ္ဘာပေါ်အကျယ်ဆုံးရေငန်ရှိသည့်ပင်လယ်ကဘာပင်လယ်လဲ။

ကတ်စပီယန်း (Caspain) ပင်လယ်သည် ရုရှနိုင်ငံတောင်ပိုင်းနှင့် အီရတ်နိုင်ငံအကြားတွင်ရှိသည်။ ရေိယာအကျယ်အဝန်း ၃၇၁,၈၀၀ ရှိသည်။ ကတ်စပီယန်ပင်လယ်သည် ကုန်းပြင်မြင့်ပေါ်တွင်ရှိသော အင်းအိုင်ကြီးတစ်ခုကဲ့သို့ရှိသည်။

## ကမ္ဘာပေါ်တွင် ရေအငန်ဆုံးသော ပင်လယ်ဟာဘာပင်လယ်လဲ။

ကမ္ဘာပေါ်တွင်ရေအငန်ဆုံးပင်လယ်သည် ပင်လယ်သေ **(Dead Sea)** ဖြစ်ပါသည်။ အစ္စရေးလ်နှင့်ဂျော်ဒန်ပြည်အကြားတွင်ရှိသည်။ မည်မျှငန်သည်ဆိုလျှင်မည်သည့် သက်ရှိအကောင်မှမနေနိုင်သည်ကိုတွေ့ရမည်။ ပင်လယ်ထဲတွင် ဖားမရှိ၊ ငါးမရှိသည့်အပြင် လူများပင်လယ်သေထဲတွင် ပြုတ်ကျသော်လည်း ပင်လယ်ရေငန်လွန်းသောကြောင့် ရေအောက်တွင်မနစ်မြုပ်နိုင်ချေ။ ဘာကြောင့်ရေများ ဤမျှလောက်ငန်ရသနည်း။ ဘေးပတ်ပတ်လည်ရှိ တောင်တန်းတွေပေါ်မှ စီးဆင်းလာသော ရေချောင်းမြစ်ချောင်းများသည် ပင်လယ်သေထဲသို့စီးဆင်းကြသည်။ သို့သော် ပင်လယ်သေထဲမှ ရေများကဘယ်နေရာကိုမှ မစီးဆင်းပဲ အငွေ့ပျံခြင်းတစ်မျိုးတည်းသာရှိသည့် အဖြစ် ဆားများမှာ ပို၍ပို၍ ငန်လာသည်ကိုတွေ့ရမည်။

## ကမ္ဘာ့အကြီးဆုံး ပင်လယ်ရေအိုင်ဟာဘာလဲ။


□ ပင်လယ်သေ

ပင်လယ်ရေအိုင်ကို ပင်လယ်တိမ်ဟုခေါ်ပြီးယင်းနေရာတို့ကို သဲသောင်ပြင်များနှင့် ပင်လယ်ကျောက်တန်းများဝိုင်းရံနေသောနေရာဖြစ်သည်။ ကမ္ဘာ့အကြီးဆုံးပင်လယ်ရေအိုင်မှာဂရင်းလာဂွန်စပ် **(Grand Lagoon Sud)** ဖြစ်ပြီးပြင်သစ်နိုင်ငံပိုင် နယူးခါလီဒိုးနီးယား **(New Caledonia)** တွင်ရှိပြီးဧရိယာအကျယ်အဝန်း ၂၄,၀၀၀ စတုရန်းကီလိုမီတာရှိပြီးပင်လယ်ကျောက်တန်းအရှည်မှာ ၁,၆၀၀ ကီလိုမီတာရှိသည်။ ပင်လယ်ရေအိုင်များသည် သဘာဝတရားများဖြင့်လှပသည့်အတွက် သိပ္ပံပညာရှင်များနှင့်ရုပ်ရှင်ရိုက်သူများ စိတ်ဝင်စားသောနေရာများဖြစ်သည်။

## ကမ္ဘာ့အရှည်ဆုံးရေခဲမြစ်ဘယ်မှာရှိသနည်း။

ကမ္ဘာ့အရှည်ဆုံးရေခဲမြစ်မှာလမ်ဘတ်ရေခဲမြစ် **(Lambert Glacier)** ဖြစ်ပြီး အန္တာတိကတိုက်တွင်ရှိသည်။ ရေခဲမြစ်အရှည်မှာ ၇၀၀ ကီလိုမီတာ၊ အကျယ် ၆၄ ကီလိုမီတာရှိသည်။ ရေခဲမြစ်သည် မြစ်ချောင်းအတိုင်းစီးဆင်း၍ ဖရင့်စ်ချားလ်တောင်ကုန်းကို ကွေ့ပတ်စီးဆင်းသည်။ ယခုအချိန်တွင် ရာသီဥတုများပြောင်းလဲသွားသောကြောင့် ရေခဲမြစ်ပုံသဏ္ဍာန်များပြောင်းလဲသွားမှုကိုလေ့လာလျှက်ရှိသည်။

## ကမ္ဘာ့အကျယ်ဆုံးသဲကန္တာရကဘာလဲ။

ဆဟာရသဲကန္တာရသည် ကမ္ဘာ့အကျယ်ဆုံးသဲကန္တာရဖြစ်ပြီး အာဖရိကတောင်ပိုင်းတွင်ရှိသည်။ ဧရိယာအကျယ်အဝန်း ၃,၆၃၀,၀၀၀ စတုရန်းမိုင်ရှိပြီး အာဖရိကသုံးပုံတစ်ပုံရှိပြီး ဥရောပ သို့မဟုတ် အမေရိကန်ပြည်ထောင်စုနီးပါးလောက်ရှိသည်။ ဤသဲကန္တာရသည်ပင်လယ်နီအထိရောက်သည်။ ဆဟာရသဲကန္တာရ၏အနောက်ဘက်တွင်အတ္တလန်တိတ်ပင်လယ်၊ မြောက်ပိုင်းတွင် အက်တလပ်စ်တောင်တန်းနှင့်မြေထဲပင်လယ်၊ အရှေ့ဖက်တွင် မြေထဲပင်လယ်နှင့်အီဂျစ်၊ တောင်ပိုင်းတွင် နိုင်ဂါမြစ်တို့ရှိသည်။



□ ကုလားအုတ်ဖြင့်ခရီးသွားသောလူတစ်စု

ဆဟာရသဲကန္တာရသည်ပူလောင်၍ အိုအေစစ်ဟုခေါ်သော စမ်းရေများရှိသည်။ တစ်ခါတစ်ရံတစ်ပါတ်အတွင်းမိုးရွာပြီးသည့်နောက်ပိုင်းတစ်နှစ်ပတ်လုံး မိုးမရွာပဲရှိတတ်သည်။

## ကမ္ဘာ့အကြီးဆုံးပင်လယ်ကွေ့ကဘာလဲ။

ကမ္ဘာ့အကြီးဆုံးပင်လယ်ကွေ့မှာ မက္ကဆီကိုပင်လယ်ကွေ့ဖြစ်သည်။ ဤပင်လယ်ကွေ့သည် မြောက်အမေရိကနှင့်ကျူးဘားကျွန်းများဖြင့် ဝိုင်းရံထားသောကြောင့် ရေဇလုံတစ်ခွက်နှင့်တူသည်။ ဧရိယာအကျယ်အဝန်းမှာ ၁,၅၄၄,၀၀၀ စတုရန်းမီတာရှိသည်။ ပင်လယ်ကမ်းရိုးတန်းအရှည်မှာ ၅,၀၀၀ ကီလိုမီတာရှိသည်။

## ကမ္ဘာ့အကြီးဆုံးပင်လယ်အော်ကဘာလဲ။

ပင်လယ်ကွေ့ဆိုသည်မှာ ကုန်းမြေများဝိုင်းရံထားသော ရေမျက်နှာပြင်ဖြစ်သည်။ ပင်လယ်အော်သည် ပင်လယ်ကွေ့ထက်ငယ်သည်။ ဘင်္ဂလားပင်လယ်အော်သည် ကမ္ဘာ့အကြီးဆုံးပင်လယ်အော်ဖြစ်ပြီးဧရိယာအကျယ်အဝန်း ၂.၂ သန်းစတုရန်းကီလိုမီတာရှိပြီး ရေအနက် ၅,၂၅၈ မီတာရှိသည်။ ကနေဒါမှ ဟတ်ဆင်ပင်လယ်အော်သည် ပင်လယ်ကမ်းရိုးတန်းအရှည်ဆုံးပင်လယ်အော်ဖြစ်ပြီး ၁၂,၂၆၈ ကီလိုမီတာရှိသည်။

## ကမ္ဘာ့အရှည်ဆုံးမြစ်ဟာဘယ်မြစ်လဲ။

ကမ္ဘာ့အရှည်ဆုံးမြစ်မှာ နိုင်းမြစ်ဖြစ်သည်။ နိုင်းမြစ်သည် အာဖရိကတွင်ရှိပြီး အရှည်မှာ ၄,၀၆၀ မိုင်ရှိသည်။ ဤမြစ်ချောင်းကို အီဂျစ်သမိုင်းထဲတွင် ထပ်ခါတလဲလဲတွေ့ရှိရသော်လည်း မြစ်

ချောင်း၏ ၂၂ ရာခိုင်နှုန်းသည်သာလျှင် အီဂျစ်နိုင်ငံတွင်ရှိသည်။ နိုင်းမြစ်သည် မြေထဲပင်လယ်ထဲသို့စီးဝင်သည်။

## ကမ္ဘာ့အကြီးဆုံးသဲသောင်ပြင်ကျွန်းကဘာလဲ။

ဩစတြေးလျနိုင်ငံ ခွင်းလန်း (Queensland) ရှိ ဖရာစယ်ကျွန်း (Fraser Island) သည်ကမ္ဘာ့အကြီးဆုံးသဲသောင်ပြင်ကျွန်းဖြစ်သည်။ သဲသောင်ပြင်မှာ ၁၂၀ ကီလိုမီတာရှိသည်။ ကမ္ဘာ့အမွေအနှစ်အဖြစ် ၁၉၉၂ တွင်သတ်မှတ်ထားသည်။ ကမ္ဘာ့အကြီးဆုံးသဲသောင်ပြင်ဖြစ်ပြီး ဧရိယာအကျယ်အဝန်း ၁,၈၄၀ စတုရန်းမီတာရှိသည်။

## ကုန်းမြေထဲတွင်ရှိသောကမ္ဘာ့အကြီးဆုံးကျွန်းဟာဘာလဲ။

ကုန်းမြေထဲတွင်ရှိသော ကမ္ဘာ့အကြီးဆုံးကျွန်းသည် ဘရာဇီးလ်နိုင်ငံရှိ ဘနားနာလ်ကျွန်း (Bananal Island) ဖြစ်သည်။ အကျယ်အဝန်းဧရိယာ ၁,၉၁၆,၂၂၅ စတုရန်းကီလိုမီတာရှိသည်။ နွေရာသီအချိန်တွင် ကျွန်းရှိရာသို့ကားနှင့်သွားနိုင်သော်လည်းလှေနှင့်သွားရသည်။

## ကမ္ဘာ့အကျယ်ဆုံးမြစ်ချောင်းကဘာလဲ။

ကမ္ဘာ့အကျယ်ဆုံးမြစ်ချောင်းက ဘရာဇီးလ်နိုင်ငံရှိ အမေဇုန်မြစ်ဖြစ်သည်။ ဤမြစ်သည်အင်ဒီးစ်တောင်တန်းမှပင်လယ်ထဲသို့ စီးဆင်းသည်။ မိုးရာသီအချိန်တွင် အကျယ်အဝန်း ၄၀ ကီလိုမီတာရှိပြီး နွေရာသီအချိန်တွင်အကျယ်အဝန်း ၁၀ ကီလိုမီတာရှိသည်။ မြစ်ချောင်းအရှည်မှာ ၆၄၀၀ ကီလိုမီတာနှင့်မိုးရာသီအချိန်တွင် ၄၀ မီတာရှိသည်။



□ အမေဇုန်မြစ်တစ်နေရာ

## ကမ္ဘာ့အကြီးဆုံးကျွန်းစုကဘာလဲ။

အိန္ဒိယအရှေ့ပိုင်းကျွန်းစု၊ မလေးကျွန်းစုတွင် ကျွန်းအားလုံးပေါင်း ၁၇,၀၀၀ ကျွန်းစုဖြစ်သည်။ ကျွန်းအားလုံးပေါင်း ၂၅,၀၀၀ ရှိသည်။ ကျွန်းများထဲတွင်အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဘရူနိုင်း၊ မလေးရှားအရှေ့ပိုင်း၊ အရှေ့တီမောနှင့်ဖာပူအာနယူးဂီနီတို့ဖြစ်သည်။

## ကမ္ဘာ့ပေါ်တွင်သင်္ဘောအသွားအလာများသောရေလက်ကြားကဘာလဲ။

ကမ္ဘာပေါ်တွင် သင်္ဘောအသွားအလာများသောရေလက်ကြားမှာ အင်္ဂလန်နိုင်ငံနှင့်ပြင်သစ်ရှိ ဒိုဗာရေလက်ကြား (Dover) ဖြစ်သည်။ တစ်နှစ်အတွင်းသင်္ဘောအစင်းရေ ၁၂၀,၀၀၀ စီး ထက်မနည်းသွားလာပါသည်။ တစ်ရက်အတွင်း သင်္ဘောအစင်းရေ ၄၀၀ စီးထက်မနည်းသွား လာပါသည်။ ထို့ကြောင့်သင်္ဘောအသွားအလာကို ၂၄ နာရီစလုံးစောင့်ကြည့်ရပြီးသင်္ဘောအ သွားအလာကိုထိန်းသိမ်းရမည်။

## ကမ္ဘာ့အမြင့်ဆုံးတောင်ကြီးဟာဘာလဲ။



□ ဧဝရက်တောင်ထိပ်

ကမ္ဘာ့အမြင့်ဆုံးတောင်ကြီးမှာ နီပေါ(လ်)နှင့်တိဘက် နိုင်ငံများနယ်နိမိတ်တွင်ရှိသော ဧဝရက်တောင်ကြီး ဖြစ်ပြီး ၎င်း၏အမြင့်မှာ ၂၉,၀၃၅ ပေ (၈,၈၅၀ မီ တာ) ရှိသည်။ ဧဝရက်တောင်သည်လူအများအလွန် သွားတက်ချင်ကြသောတောင်ကြီးဖြစ်သည်။ တောင် တက်ရာ၌ မြင့်မားမတ်စောက်၍ ခရီးအလွန်ခက်ခဲ ကြမ်းတမ်းသည်သာမက ငွေကြေးအကုန်အကျများ သော်လည်း ရာပေါင်းများစွာသောလူတို့သည်နှစ်စဉ် နှစ်တိုင်းကြိုးစားတက်ကြသည်။

## ကမ္ဘာ့အကြီးဆုံးမီးတောင်ဟာဘာလဲ။

ကမ္ဘာ့အကြီးဆုံးမီးတောင်မှာ အမေရိကန်နိုင်ငံ၊ ဟာဝိုင်ရီဒေသရှိ မောင့်နာလောင်း (Mauna Loa) ဟုခေါ်သောမီးတောင်ကြီးဖြစ်သည်။ ထိုမီးတောင်ကြီး၏သက်တမ်းမှာနှစ်ပေါင်း ၁ သန်းမျှ ရှိနေပြီးကြိမ်ပေါင်းများစွာ ပေါက်ကွဲခဲ့သော မီးတောင်ကြီးလည်းဖြစ်သည်။ ၎င်း၏အမြင့်မှာ တောင်အောက်ခြေမှစ၍ တောင်ထိပ်အထိ ၁၁,၀၀၀ မီတာလောက်ရှိပြီး တောင်အောက်ခြေမှ ပင်လယ်ရေမျက်နှာပြင်အောက်အထိ ၁၃ ကီလိုမီတာအမြင့် ရှိသည်။

## ကမ္ဘာ့အလှပဆုံးမီးတောင်သေဟာဘာလဲ။

မီးတောင်သေဆိုသည်မှာမီးလောင်ပေါက်ကွဲသွားခဲ့ပြီးသောမီးတောင်ကြီးဖြစ်သည်။ ကမ္ဘာ့အ လှပဆုံးမီးတောင်သေမှာ ဂျပန်နိုင်ငံတွင်ရှိသော ''ဖူဂျီ'' မီးတောင်သေကြီးဖြစ်ပြီးယင်း၏အမြင့် မှာ ၃,၇၇၆ မီတာရှိသည်။ ဖူဂျီတောင်ကြီးသည် ဂျပန်ပြည်၏အထိမ်းအမှတ်တစ်ခုဖြစ်ပြီးအလွန်

လှပသောတောင်ကြီးလည်းဖြစ်သည်။ ဖူဂျီတောင်သည် တောင်အောက်ခြေသို့ပြေပြေနိမ့်ဆင်းသွားပြီး တောင်၏အောက်ခြေတွင် ပြည်သူ့ဥယျာဉ်ကြီးကိုအမှတ်တရအဖြစ်ဆောက်လုပ်ထားကြသည်။



□ "ဖူဂျီ" မီးတောင်သေ

## ကမ္ဘာ့အလှပဆုံးရေတံခွန်ကြီးဟာဘာလဲ။

ယင်းမှာ အမေရိကန်နိုင်ငံနှင့်ကနေဒါနိုင်ငံနယ်နမိတ်အကြားတွင်ရှိသော နိုက်ဂါရာ (Niagara Falls) ဟုခေါ်သောရေတံခွန်ကြီးဖြစ်သည်။ ၎င်းသည် အမေရိကန်မြို့အနောက်မြောက်ဘာ့ဖလို၊ နယူးယောက် ၁၇ မိုင်နှင့် အရှေ့တောင်ကနေဒါရှိ အော်တန်ရီအိုပြည်နယ်ကြား ၇၅ မိုင်တွင်ရှိသည်။ အကျယ်အဝန်းမှာ ပေ ၂,၀၀၀ ရှိပြီးအမြင့်မှာ ၁၈၄ ပေရှိသည်။ နိုက်ဂါရာရေတံခွန်တွင်စီးဆင်းကျလာသောရေများမှာမမြင့်မားသော်လည်း ရေများမှာကျယ်ပြန့်စွာစီးဆင်း၍ အလွန်လှပသောကြောင့်နာမည်အကြီးဆုံးရေတံခွန်ဟုအမည်တွင်ပြီး ရေအားလျှပ်စစ်လည်းထုတ်လုပ်သည်။



□ နိုက်ဂါရာရေတံခွန်

## ကမ္ဘာ့အကျယ်ပြန့်ဆုံးမြစ်ဝကျွန်းပေါ်ဟာဘာလဲ။

ယင်းမှာ ဂင်းဂါမြစ်အပါအဝင်တောင်အာရှဘင်္ဂလား၊ ဘင်္ဂလားဒေ့(ရှ်)နှင့်အနောက်ဘင်္ဂလားနိုင်ငံတွင်ရှိသောမြစ်ဝကျွန်းပေါ်ဖြစ်သည်။ ထိုဒေသတွင် မြေဩဇာအလွန်ကောင်းပြီး သစ်ပင်အပင်များနှင့်စိမ်းလန်းစိုပြည်လှပသောကြောင့် ယင်းကိုဂင်းဂါ – မြစ်ဝကျွန်းပေါ်၊ စိမ်းလန်းသောမြစ်ဝကျွန်းပေါ်ဟုခေါ်ဆိုကြသည်။ ၎င်း၏ရေိယာအကျယ်အဝန်းမှာ ၇၅,၀၀၀ စတုရန်းကီလိုမီတာရှိသည်။

## ကမ္ဘာ့အမြင့်ဆုံးရေတံခွန်ကြီးဟာဘာလဲ။

ယင်းမှာ ဗင်နီဇွဲလားနိုင်ငံရှိ အိမ်ဂျယ်ရေတံခွန်ကြီး (Angel Falls) ဖြစ်သည်။ ယင်း၏အမြင့်



□ အိမ်းဂျယ်ရေတံခွန်

မှာ ၃,၂၁၂ ပေရှိပြီး ထူထပ်သိပ်သည်းသော ဗင်နီဇွဲလားတောနက်ကြီးတစ်နေရာတွင်တည်ရှိသည်။ ဗင်နီဇွဲလားလူမျိုး၏ ဘာသာစကားလို ဖာရကွန်ပါ–ဘီးနာဟုခေါ်ဆိုပြီး ၎င်းမှာ အမြင့်ကစီးဆင်းလာသောရေစီးချောင်းဟုအဓိပ္ပါယ်ရသည်။

## ကမ္ဘာ့အကျယ်ပြန့်ဆုံး တောင်ကုန်းပြင်မြင့်ဟာဘာလဲ။



□ ရှန်ဟိုင်း–တိဘက်တောင်ကုန်းပြင်မြင့်

ယင်းမှာ တရုတ်နိုင်ငံရှိ ရှန်ဟိုင်း–တိဘက်တောင်ကုန်းပြင်မြင့် (Tibetan Plateau) ဖြစ်သည်။ ၎င်း၏အမြင့်မှာ ၄,၉၀၀ ရှိပြီး ဧရိယာအကျယ်အဝန်းမှာ ၁,၈၅၀,၀၀၀ စတုရန်းကီလိုမီတာရှိသည်။ တိဘက်တောင်ကုန်းမြေပြန့်ကို မြင့်မားသောတောင်များက ပတ်ပတ်လည်ဝိုင်းရံထားပြီး သံလွင်မြစ်၊ မဲခေါင်မြစ်နှင့်ယန်စီမြစ်များ၏မြစ်ဖျားတို့လည်းဖြစ်သည်။

## ကမ္ဘာ့အရှည်ဆုံးကျောက်တန်းဟာဘာလဲ။



□ ဂရိတ်ဘားရီးယားကျောက်တန်း

ယင်းသည် ဩစတြေးလျနိုင်ငံရှိ ဂရိတ်ဘားရီးယားကျောက်တန်း (The Great Barrier Reef) ဖြစ်ပြီး ကျောက်တန်းပေါင်း ၂,၉၀၀ ကျော်ရှိပြီး အကျယ်အမြင့်မှာ ၃၄၄,၄၀၀ စတုရန်းကီလိုမီတာရှိသည်။ ဤကျောက်တန်းသည်ခွင်း(စ်)လန်း၊ အရှေ့မြောက်ဩစတြေးလျပင်လယ်ကမ်းခြေတွင်ရှိသည်။ ဂရိတ်ဘားရီးယားကျောက်တန်းအနီးအနားတစ်ဝိုက်တွင် ငါးအမျိုးအစားပေါင်း ၁,၅၀၀၊ ခရုအမျိုးပေါင်း ၄,၀၀၀ နှင့်ပင်လယ်ကျောက်ပန်းအမျိုးပေါင်း ၄၀၀ ရှိပြီးတီကောင်၊ ပုဇွန်၊ ဂဏန်းနှင့်ကြယ်ငါးများနေထိုင်ကျသည့်စားကျက်လည်းဖြစ်သည်။

## ကမ္ဘာ့အကျယ်ဆုံးရွှံ့ညွှံတောဟာဘာလဲ။


ယင်းမှာ အမေရိကန်နိုင်ငံ၊ ဖလော်ရီဒါပြည်နယ်၏ တောင်အရပ်ရှိ အဲဗားဂလိတ်ရွှံ့နွံတော (The Everglades) ဖြစ်သည်။ ၎င်း၏အကျယ်အဝန်းမှာ ၂,၁၈၅ စတုရန်းမိုင်ရှိသည်။ ဤရွှံ့နွံတော၏အနက်သည် ၆ လက်မလောက်ရှိပြီး ရေများမှာစိမ်းလန်းသောမြက်ခင်းပြင်များပေါ်တွင် စီးဆင်းပြီး မြက်ပင်များလှုပ်ယမ်းစေသောကြောင့် ယင်းကိုစိမ်းလန်းသောမြစ်ချောင်းဟုလည်းခေါ်ဆိုကြသည်။



□ အဲဗားဂလိတ်ရွှံ့နွံတော

## ကမ္ဘာ့အကျယ်ဆုံးရွှံ့ညွှံအိုင်ဟာဘာလဲ။


ဤရွှံ့ညွှံအိုင်သည် ဘရာဇီး(လ်)နိုင်ငံ၏အနောက်တောင်အရပ်၊ မာတိုကရိုစို (Mato Grosso) ရှိပင်တာနာရွှံ့ညွှံအိုင် (Pantanal) ဖြစ်သည်။ ၎င်း၏ဧရိယာအကျယ်အဝန်းမှာ ၁၀၉,၀၀၀ စတုရန်းကီလိုမီတာရှိပြီး ထိုနေရာတွင် သဘာဝပေါက်ပင်များအမျိုးပေါင်း ၃,၅၀၀ နှင့်ငှက်စသည့်တိရစ္ဆာန်များအမျိုးပေါင်း ၆၅၀ ရှိပြီး ငါးအမျိုးပေါင်း ၄၀၀ လောက်ရှိကြသည်။



□ ပင်တာနာရွှံ့ညွှံအိုင်

## ကမ္ဘာ့အနက်ရှိုင်းဆုံးချောက်ဟာဘာလဲ။

ကမ္ဘာ့အနက်ရှိုင်းဆုံးချောက်သည် ဟိမဝန္တာတောင်နှင့်တိဘက်နိုင်ငံကြားတွင်ရှိသော ယန်လူဇန်းဘိုချောက် (The Yarlung Zangbo) ဖြစ်ပြီးအနက်မှာ ၅,၃၈၂ မီတာရှိသည်။ ယန်လူဇန်းဘို ချောက်သည်အနက်ရှိုင်းဆုံး၊ အမြင့်ဆုံး၊ နှင့်ကြောက်စရာအကောင်းဆုံးချောက်ဖြစ်သည်။ လွန်ခဲ့သည့်အချိန်က အမေရိကန်နိုင်ငံ၊ ကိုလိုရာဒိုပြည်နယ်ရှိ အမြင့် ၅,၃၃၃ ပေရှိသောဂရန်းကင်ယွန်း (Grand Canyon) ချောက်ကို အနက်ရှိုင်းဆုံးချောက်ဟု ထင်ခဲ့ကြသော်လည်း ၁၉၉၄ ခုနှစ်မှစ၍ အကြောင်းအရာမှတ်တမ်းများကို ပြောင်းလဲပစ်လိုက်ရသည်။



□ အင်ဒီးစ်တောင်တန်း

## ကမ္ဘာ့အရှည်ဆုံးတောင်တန်းဟာဘာလဲ။

အင်ဒီးစ်တောင်တန်းသည်ကမ္ဘာပေါ်တွင်အရှည်ဆုံးတောင်တန်းဖြစ်သည်။ ဤတောင်တန်း၏အမြင့်မှာ ၇,၀၀၀ ကီလိုမီတာရှိသည်။ ဤတောင်တန်းထဲ၌ အမြင့်ဆုံးနေရာမှာအကွန်ကာကွာ(Aconcagua) ဖြစ်ပြီး အမြင့်မှာပင်လယ်ရေမျက်နှာပြင်အထက် ၆,၉၆၂ မီတာ (၂၂,၈၄၁ ပေ) ရှိသည်။



# သတ္တဝါများ



ဤအခန်းကဏ္ဍတွင် ကမ္ဘာပေါ်တွင်လူသားတို့နှင့် အတူတကွနေထိုင်ကြသော ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သည့် တိရစ္ဆာန်များ၏အကြောင်းကို ရေးသားဖော်ပြထားပါသည်။ အချို့တိရစ္ဆာန်များမှာ လွန်ခဲ့သည့်နှစ်ရာပေါင်းများစွာက အမျိုးတုံး၊ ပျောက်ကွယ်သွားခဲ့ပြီးဖြစ်သည်။ အချို့မှာအမျိုးတုံးခါစရှိပြီး ကမ္ဘာပေါ်တွင်မရှာဖွေတွေ့ရှိနိုင်တော့ပါ၊ အချို့မှာကျန်ရှိနေသေးသည်။ ၎င်းတို့၏အကြောင်းကို သမိုင်းသုတေသီများက ရှေးဟောင်းကကျန်ရစ်ခဲ့သော အရိုးစုတစ်ချို့ကိုရှာဖွေတွေ့ရှိရာမှ သုတေသနပြုလုပ်ခဲ့ကြသည်။ အချို့မှာကျွန်ုပ်တို့လူသားများထက် အဆပေါင်းတစ်ရာကြီးမားသည်။ ထို့ကြောင့် ၎င်းတို့၏အကြောင်းကို ကျွန်ုပ်တို့အနေနှင့်သိရှိထားသင့်ပေသည်။

## ကမ္ဘာ့အကြီးဆုံးရှေးဟောင်းသတ္တဝါဟာဘာလဲ။

သမိုင်းသုတေသီများရှာဖွေလေ့လာတွေ့ရှိခဲ့သည့်အရ အကြီးဆုံးရှေးဟောင်းသတ္တဝါဟာ ဒိုင်နို ဆော (Dinosaurs) ဖြစ်သည်။ ဒိုင်နိုဆောမှာအမျိုးစုံရှိပြီး အမျိုးပေါင်း ၉,၀၀၀ ရှိပြီးအသား



နှင့်အရွက်များကို စားသုံးသောသတ္တဝါများဖြစ်ကြသည်။ တစ်ချို့မှာ သွေးအေးသောသတ္တဝါများဖြစ်ကြပြီး တစ်ချို့မှာသွေးပူသော သတ္တဝါများဟူ၍အမျိုးမျိုးရှိကြသည်။ သမိုင်းသုတေသီများ ဘာကြောင့်ဒိုင်နိုဆောသည်အကြီးဆုံး သတ္တဝါဟု ပြောရသည့်ကိုးကားချက်မှာ ဒိုင်နိုဆောတို့၏ အရိုးစုများနှင့်ခြေရာများကိုကမ္ဘာအနှံ့အပြားနေရာအသီး သီးတွင်ရှာဖွေတွေ့ရှိခဲ့သောကြောင့်ဖြစ်သည်။ ခန္ဓာကိုယ် အကြီးဆုံးဒိုင်နိုဆောသည် တိုက်ငါးထပ်တိုက်ထက်ကြီးပြီး အငယ်ဆုံးမှာကြက်မတစ်ကောင် လောက်ရှိသည်။ သမိုင်းသုတေသနရှာဖွေတွေ့ရှိခဲ့သည့်အရ ဒိုင်နိုဆောတို့သည် လွန်ခဲ့သည့် နှစ်ပေါင်းသန်း ၂၃၀ နှင့်နှစ်ပေါင်းသန်း ၆၅ ခုနှစ်ကာလအတောအတွင်းတွင် အသက်ရှင်နေ ထိုင်ခဲ့ကြသည်။

## ကမ္ဘာ့အကြီးဆုံးအပင်များစားသော ဒိုင်နိုဆော (Herbivorous Dinosaurs) ဟာ ဘာလဲ။

ယင်းမှာ ဆော်ရိုပွတ်ဒိုင်နိုဆော (Sauropod Dinosaurs) ဟုခေါ်သည့် အပင်အရွက်များစား သောကမ္ဘာပေါ်တွင် အကြီးဆုံးဒိုင်နိုဆောဖြစ်သည်။ ဤဒိုင်နိုဆောမျိုးသည် လည်ပင်း၊ အမြီး




ရှည်လျားပြီး ခြေလက်များကြီးထွားလှသည်။ ၎င်းတို့၏သွားများမှာ ချွန်သော်လည်းမထက်ပါ။ ဤဒိုင်နိုဆောအမျိုးအစားသည် လွန်ခဲ့သည့် နှစ်ပေါင်းသန်း ၆၅–၂၀၅ အကြားတွင် အသက်ရှင်နေထိုင်ခဲ့ကြသည်။ ယင်းတို့၏ခန္ဓာကိုယ်အရှည်

မှာ ၄၀ မီတာရှိပြီးကိုယ်အလေးချိန်မှာ တန် ၁၀၀ ရှိသည်။ ဤဆော်ရိုပွတ်ဒိုင်နိုဆောတို့၏ အရိုးစုများကို အန္တာတိကတိုက်အပါအဝင်တိုက်အားလုံးတွင်ရှာဖွေတွေ့ရှိခဲ့ကြသည်။

## ကမ္ဘာ့အသေးဆုံးဒိုင်နိုဆောဟာဘာလဲ။

ယင်းမှာ ခေါ်(ဖ်)ဆိုနစ်သန်ဒိုင်နိုဆော **(Compsognathus Dinosaur)** ဖြစ်ပြီး ကမ္ဘာပေါ်တွင် အသေးဆုံးဒိုင်နိုဆော အမျိုးအစားဖြစ်ပြီး၊ ပထမတစ်ကောင်၏အရိုးစုများကို ဂျာမနီနိုင်ငံတွင်



ရှာဖွေတွေ့ရှိခဲ့ပြီး ဒုတိယတစ်ကောင်၏အရိုးစုများကိုပြင်သစ်နိုင်ငံတွင်ရှာဖွေတွေ့ရှိခဲ့ကြသည်။ ယင်းတို့၏ခန္ဓာကိုယ်မှာ ကြက်ဆင်တစ်ကောင်လောက်ရှိသည်။ ယင်း၏ ခန္ဓာကိုယ်အရှည်သည် နှာခေါင်းဖျားမှစ၍အမြီးဖျားအထိ ၆၀ စင်တီမီတာရှည်လျားပြီး ခန္ဓာကိုယ်အလေးချိန်မှာ ၃ ကီလိုမျှလောက်ရှိသည်။ ဤဒိုင်နိုဆောမျိုးသည် လွန်ခဲ့သည့်နှစ်ပေါင်းသန်း ၁၅၀ အနီးအနားပတ်ဝန်းကျင်တွင် အသက်ရှင်နေထိုင်ခဲ့ကြသည်။ ဤသတ္တဝါမျိုးသည် အသားစားသတ္တဝါမျိုးဖြစ်ပြီး အလွန်အပြေးလျင်မြန်သည်။

## ကမ္ဘာ့အကြီးဆုံးနို့တိုက်သတ္တဝါဟာဘာလဲ။

ယင်းမှာ အပြာရောင်ဝေလငါးမျိုး **(Blue Whale)** ဖြစ်သည်။ မွေးခါစတွင် ယင်းတို့၏ခန္ဓာကိုယ်အရှည်မှာ ၆ မှ ၈ မီတာရှိပြီး ခန္ဓာကိုယ်အလေးချိန်မှာ ၃ တန်ရှိကြ၍ အရွယ်ရောက်သည့်အ



ချိန်မှာ ခန္ဓာကိုယ်အရှည် ၃၃ မီတာ (၁၀၈ ပေ) နှင့်ကိုယ်အလေးချိန်မှာ ၁၈၀ တန်ရှိကြသည်။ ဤဝေလငါးများသည် ပင်လယ်ရေအနက်ပိုင်း တွင်ကျက်စားနေထိုင်ကြပြီး အများအားဖြင့်အတ္တလန်တိတ်သမုဒ္ဒရာတွင် ကျက်စားကြပြီး ယင်းတို့၏အစာမှာပင်လယ်ပုစွန်ဆိတ်ငယ်ကလေးများဖြစ်ကြသည်။ ထိုဝေလငါးများသည် တစ်နေ့အတွင်းပုစွန်ဆိတ်ငယ်ကလေးများကို ၃,၆၀၀ ကီလိုမျှလောက်စားသုံးကြသည်။ မြောက်အတ္တလန်တိတ်မှာဆိုလျှင် အရွယ်ရောက်သောဝေလငါးတစ်ကောင်သည် တစ်နေ့လျှင်ပုစွန်ဆိတ်ငယ်ကလေးအကောင်ပေါင်းသန်း ၄၀ မျှလောက်စားသုံးကြသည်။


## ကမ္ဘာ့အကြီးဆုံးနို့တိုက်ကုန်းသတ္တဝါဟာဘာလဲ။

ယင်းမှာ အာဖရိကဆင်ကြီး (The African Bush Elephant) ဖြစ်ပြီး ကမ္ဘာပေါ်တွင်အကြီးဆုံးနို့တိုက်ကုန်းသတ္တဝါဖြစ်သည်။ ဤဆင်မျိုး၏အရပ်အမြင့်မှာ ဦးခေါင်းကနေစပြီးခြေဖျားအထိ ၉.၈ ကနေ ၁၁.၅ ပေရှိပြီး၊ ခန္ဓာကိုယ်အမြင့်မှာ ၁၉.၇ မှ ၂၄ ပေအထိရှည်ပြီး ခန္ဓာကိုယ်အလေးချိန်မှာ ၆,၀၀၀ မှ ၉,၀၀၀ ကီလိုအထိလေးသည်။ ယင်းတို့၏အစားအစာမှာ ဟင်းသီးဟင်းရွက်နှင့်အပင်များဖြစ်ကြပြီး နေထိုင်သည့်ဒေသအပေါ်တွင်အစားအစာများကွဲပြားခြားနားကြသည်။ တောနက်ကြီး၊ သဲကန္တာရ ငယ်များနှင့်မြက်ပေါက်ပင်လေးများတွင် နေထိုင်သည့်ဆင်များသည်မွှေးကြိုင်သောအပင်များ၊ သစ်ပင်အမျိုးအစားများ သို့မဟုတ် ချုံပုတ်များ၏ အရွက်များကို စားသောက်ကြသည်။ ဤအာဖရိကဆင်မျိုးသည် ကမ္ဘာပေါ်တွင်အကြီးဆုံးတိရစ္ဆာန်လည်းဖြစ်သည်။



## ကမ္ဘာ့အငယ်ဆုံးနို့တိုက်ကုန်းသတ္တဝါဟာဘာလဲ။

ယင်းမှာ ကိတိလင်းနို့ သို့မဟုတ် ဝက်နှာခေါင်းလင်းနို့ (Kitti's Hog-nosed Bat) ဖြစ်သည်။ ဤလင်းနို့မျိုး၏အရောင်သည် နီညိုရောင် သို့မဟုတ် ညိုဝါရောင်ရှိပြီး ယင်းတို့၏နှာခေါင်းမှာ ဝက်နှာခေါင်းနှင့်တူသည်။ ဤလင်းနို့မျိုးသည်မြန်မာပြည်တွင်ရှိမရှိမသိရသော်လည်း ထိုင်းနိုင်ငံ၊ ကန်ချနဘူရီခရိုင်၊ စိုင်ယို့နှင့်ထေါ်ဖာပူမြို့နယ်များတွင်ရှာဖွေတွေ့ရှိကြသည်။ ဤဝက်နှာခေါင်းလင်းနို့များသည် ကျောက်ဂူများအတွင်းတွင် အစုအပြုံ အဖွဲ့လိုက်ရှိပြီး၊ ကျောက်ဂူတစ်ဂူတွင်အကောင်ရေပေါင်း ၁၀၀ နီးပါးလောက်ရှိကြသည်။ ယင်းတို့၏အစားအစာမှာ ပိုးမွှားကောင်လေးများဖြစ်ကြပြီး အမများမှာတစ်နှစ်လျှင် ကလေးတစ်ကြိမ်သာရှိပြီး၊ တစ်ကြိမ်လျှင်တစ်ကောင်သာရှိသောကြောင့် ဤ





လင်းနို့မျိုး အမျိုးတုံးပျောက်ကွယ်သွားမှာစိုးရိမ်နေကြသည်။ ယင်းတို့၏ခန္ဓာကိုယ်မှာ ပျား ကောင်လောက်သာရှိကြသည်။ ခန္ဓာကိုယ်အရှည်မှာ ၁.၁ မှ ၁.၃ လက်မအထိရှိပြီး၊ အလေးချိန် မှာ ၁.၇ – ၂.၀ ဂရမ်ရှိသည်။

## ကမ္ဘာ့အရပ်အမြင့်ဆုံးနို့တိုက်ကုန်းသတ္တဝါဟာဘာလဲ။



သစ်ကုလားအုပ် သည်နို့တိုက်သတ္တဝါဖြစ်ပြီး ကမ္ဘာပေါ် တွင်အရပ်အမြင့်ဆုံးသတ္တဝါဖြစ်သည်။ ယင်း၏အရပ်အမြင့် သည် ၁၄ ပေ မှ ၁၇ ပေအထိလောက်ရှိသည်။ စံချိန်မှတ် တမ်းထဲ၌ သစ်ကုလားအုပ်အထီး၏အရပ်အမြင့်သည် ၂၀ ပေ လောက်ရှိသည်။ သစ်ကုလားအုပ်၏အမသည် အရွယ်ရောက်သည့် အချိန်တွင် ယင်းတို့၏ခန္ဓာကိုယ်အလေးချိန်သည် ၈၃၀ ကီလိုရှိပြီးအ ထီးမှာ ၁,၂၀၀ ကီလိုရှိသည်။ ယင်းတို့၏အစားအစာမှာ အပင်အရွက် များဖြစ်ကြပြီး မြက်ပင်များနှင့်အသီးအနှံများလည်းစားသုံးကြသည်။ စိတ်ဝင်စားစရာကောင်းသည့်အရာတစ်ခုမှာ၊ ၎င်းတို့သည်နို့တိုက်သတ္တဝါများအားလုံးထဲမှ သစ်ကုလားအုပ်သည် အအိပ်နည်းသောသတ္တဝါတစ်မျိုးလည်းဖြစ်သည်။ ထို့ကြောင့်ယေဘု ယျအားဖြင့် ၎င်းတို့၏အိပ်ချိန်မှာတစ်နေ့လျှင် ၁.၉ နာရီမျှသာရှိသည်။

## ကမ္ဘာ့အပြေးအလျင်မြန်ဆုံးနို့တိုက် သတ္တဝါ ဟာဘာလဲ။



စူးစမ်းရှာဖွေလေ့လာချက်အရ၊ ကျားသစ် သို့မဟုတ် ကျားပွေး (Cheetah) သည် နို့တိုက်သတ္တဝါဖြစ်ပြီး အပြေးအလျင်မြန်ဆုံးသတ္တဝါမျိုးဖြစ်သည်။ ယင်းမှာ တစ်နာရီလျှင် ၁၁၂ နှင့် ၁၂၀ ကီလိုမီတာကြားအ ပြေးနှုန်းလျင်မြန်သည်။ တစ်ခါတရံကျားသစ်သည် သစ်ပင်ပေါ်တွင်တက်နေကြသည်။ ကျားသစ်များမှာအသားစားကြပြီး အများအားဖြင့် နို့တိုက် သတ္တဝါများကိုစားသုံးကြသည်။

## ကမ္ဘာ့ရေအနက်ရှိုင်းဆုံးငုံ့သောဝေလငါးဟာဘာလဲ။



စပင်ဝေလငါး (Sperm Whale) သည် နို့တိုက်သတ္တဝါဖြစ်သော ရေအနက်ရှိုင်းဆုံးသို့ငုံ့သောဝေလငါးအဖြစ်သိမှတ်ထားကြသည်။ ဤဝေလငါးသည် ရေအနက် ၉၈၀ မှ ၂,၆၀၀ ပေအကြားအထိရေငုံ့လေ့ရှိကြပြီးတစ်ခါတရံရေအနက် ၁ မှ ၂ ကီလိုမီတာ (၃,၃၀၀ မှ ၆,၆၀၀ ပေ) အကြားသို့ အစာငုံ့ရှာစားကြသည်။ ဤဝေလငါးမျိုး၏ခန္ဓာကိုယ်အရှည်မှာ ၆၇ ပေအထိရှိပြီး ယင်းတို့၏ခန္ဓာကိုယ်အလေးချိန်မှာ ၅၇,၀၀၀ ကီလိုရှိကြသည်။



## ကမ္ဘာ့အကြီးဆုံးကျားဟာဘာလဲ။

စိုင်ဘေးရီးယားကျား (Siberian Tiger) သည် ကျားအမျိုးပေါင်း ၉ မျိုးထဲမှအကြီးဆုံးကျားမျိုးဖြစ်သည်။ ယင်း၏ခန္ဓာကိုယ်အလေးချိန်သည် ၃၂၀ ကီလို (၇၁၀ ပေါင်) အထိရှိသည်။ အများအားဖြင့် အနောက်အာရှ၊ အလယ်အာရှနှင့် မြောက်ရုရှားနိုင်ငံတို့တွင်နေထိုင်ကြသည်။

## ကမ္ဘာ့ခန္ဓာကိုယ်အသေးငယ်ဆုံးကြောင်ဟာဘာလဲ။

ကြောင်အနက်ရောင် (Rusty-spotted Cat) မျိုးသည် ကမ္ဘာပေါ်တွင်အငယ်ဆုံးတောကြောင်ဖြစ်သည်။ ယင်းတို့၏ခန္ဓာကိုယ်အရှည်သည် ၃၅ မှ ၄၈ စင်တီမီတာရှည်ပြီး၊ ယင်းတို့၏အမြီးမှာ ၁၅ မှ ၃၀ စင်တီမီတာရှည်၍ ခန္ဓာကိုယ်အလေးချိန်မှာ ၀.၉ ကီလိုမှ ၁.၆ ကီလိုအထိရှိသည်။ ယင်းတို့၏အမွေးအမျှင်များသေးငယ် မှုန်မွှား၍အနက်ရောင်ရှိပြီး ကျောနှင့်တင်ပါးဘေးတွင်အကွက်လေးများတစ်ကွက်တစ်ကွက်ရှိပြီး၊ ၎င်းတို့၏ဝမ်း ဗိုက်မှာဖြူပြီးအကွက်မည်းမည်းလေးများတစ်ကွက်တစ်ကွက်ရှိကြသည်။

## ကမ္ဘာပေါ်တွင် အသားများသာစားသော ခန္ဓာကိုယ်အကြီးထွားဆုံးသတ္တဝါ (Carnivore) ဟာဘာလဲ။

ယင်းမှာပိုလာဝက်ဝံဖြစ်သည်။ ပိုလာဝက်ဝံအထီးမှာအရွယ်ရောက်လျှင် ယင်းတို့၏ခန္ဓာကိုယ်

အလေးချိန်မှာ ၃၅၀ နှင့် ၆၈၀ ကီလိုအကြားရှိပြီး အမမှာ အထီး၏ခန္ဓာကိုယ်အလေးချိန်တစ်ဝက်လောက်လေးသည်။ ယင်းမှာ တစ်ကိုယ်လုံးဖြူဖွေးပြီး၊ အများအားဖြင့် တောင်ဝင်ရိုးစွန်း၊ အာတိတ်နယ်မြေနှင့်အနီးတစ်ဝိုက်တွင်ရှိသော ရေခဲပြင်ပေါ်တွင်ကျက်စားနေထိုင်ကြပြီး ၎င်းတို့၏ အစားအစာမှာငါးနှင့်ဖျံအပါအဝင်ဖြစ်သည်။



## ကမ္ဘာပေါ်တွင်အသားများသာစားသောခန္ဓာကိုယ်အသေးငယ်ဆုံးသတ္တဝါဟာဘာလဲ။

မြွေပါမြီးတို (**Weasels**) သည်ကမ္ဘာပေါ်တွင်အသားများသာစားသော ခန္ဓာကိုယ်အငယ်ဆုံးသတ္တဝါဖြစ်သည်။ ယင်းသတ္တဝါမှာ ခန္ဓာကိုယ်ရှည်လျား၍ ခြေထောက်ပုပြီး ယင်းတို့၏ကျောနှင့်နံဘေးတွင် အရောင်မည်းနက်ပြီး ဝမ်းဗိုက်မှာဖြူဖွေးသည်။ ယင်းတို့၏ ခန္ဓာကိုယ်အရှည်မှာ ၅ လက်မမှ ၁၈ လက်မအထိရှိပြီး အမြီးမှာ ၉ လက်မမှ ၁၃ လက်မအထိရှည်သည်။ ၎င်းတို့သည် ယင်းတို့ထက်သေးငယ်သောတိရစ္ဆာန်များကိုစားကြသည်။



## ကမ္ဘာ့အကြီးဆုံးသမင်ဟာဘာလဲ။

မြောက်အမေရိက သမင်မျိုးဆိုသော အလာစကာသမင် (**Alaskan Moose**) သည်သမင်အမျိုးအနွယ်များအားလုံးထဲမှ ကမ္ဘာပေါ်တွင် အကြီးဆုံးသမင်မျိုးဖြစ်သည်။ ယင်းတို့၏ဦးချိုမှာ ရှည်ရှည်ပြားပြားဖြစ်ပြီး ဆောင်းရာသီရောက်လာသည့်အချိန်တွင်သူတို့၏ဦးချိုမှာပြုတ်ကျပြီး အသစ်ပြန်တက်လာသောသမင်မျိုးဟုသိကြရသည်။ ဤသမင်အထီးမျိုးမှာ ပုခုံးကနေခြေထောက်အထိ အရပ်အမြင့်မှာ ၇ ပေရှိပြီး၊ ဦးချိုအကျယ်အဝန်းမှာ ၆ ပေပတ်ပတ်လည်ရှိပြီး ခန္ဓာကိုယ်အလေးချိန်မှာ ၆၃၄.၅ ကီလိုရှိပြီး



အမမျိုးမှာ ၄၇၈ ကီလိုအလေးချိန်ရှိသည်။ ဤအလာစကာသမင်မျိုး၏အစားအစာမှာ အသီး နှင့်အရွက်များဖြစ်သည်။

## ကမ္ဘာ့ခန္ဓာကိုယ်အကြီးဆုံး ပင်လယ်ဖျံ (Seas and Sea Lion) ဟာဘာလဲ။

ဆင်ပင်လယ်ဖျံ (The Southern Elephant Seal) သည် ကမ္ဘာပေါ်တွင်အကြီးဆုံးပင်လယ်ဖျံ မျိုးဖြစ်သည်။ ဤဖျံမျိုးသည် အသံကျယ်လောင်ပြီး အထီး၏ခန္ဓာကိုယ်မှာ အမထက်ကြီးသည်။ ဤဆင်ပင်လယ်ဖျံအမ၏ခန္ဓာကိုယ်အလေးချိန်မှာ ၄၀၀ – ၉၀၀ ကီလိုအကြားတွင်ရှိပြီး အ ရှည် ၈–၁၀ ပေရှိသည့်အချိန်တွင် အထီး၏ ခန္ဓာကိုယ်မှာ ၂,၂၀၀–၄,၀၀၀ ကီလိုလောက်ရှိပြီး အရှည်မှာ ၁၃–၁၆.၅ ပေရှိသည်။ အများအားဖြင့်ဖျံများသည် ကုန်းပေါ်တွင်နေထိုင်သည့် အ ချိန်သည် ငါးဆယ်ရာခိုင်နှုန်းရှိပြီး ရေထဲတွင်ငါးဆယ်ရာခိုင်နှုန်းနေကြသည်။ ယင်းတို့၏မျက်လုံး များမှာကြီးပြီး မည်းနက်ဝိုင်းစက်ကြသည်။ ထိုဖျံအထီးမျိုးမှာပါးစပ်ထဲတွင် ရှည်လျားသောသွား စွယ်နှစ်ချောင်းရှိသည်။ ယင်းတို့တစ်ခါတစ်ခါရေငုံ့လျှင် နှစ်ဆယ်မိနစ်အနီးအနားအချိန်ကြာမြင့် ပြီးကင်းမှုန်နှင့်ငါးများကိုရှာစားကြသည်။

## ကမ္ဘာ့ခန္ဓာကိုယ်အသေးငယ်ဆုံးသမင်ဟာဘာလဲ။



ဖူဒူးသမင် (Pudu "Pudu Puda") သည်ကမ္ဘာပေါ် တွင်ခန္ဓာကိုယ်အသေးငယ်ဆုံးသမင်ဖြစ်ပြီး၊ ခန္ဓာကိုယ် အမြင့်မှာ ၆၀ မှ ၈၅ စင်တီမီတာအထိရှိသည်။ ဤသ မင်မျိုးကိုချီလီနှင့်အာဂျင်တီးနားပြည်နယ်၊ အမေရိကန် သမ္မတနိုင်ငံတွင် ရှာဖွေတွေ့ရှိကြသည်။ ယင်းသည်အ လွန်နားဆတ်ပြီး၊ လေလာရာအရပ်သို့အသံကိုနား ရွက်များထောင်ကာနားစွင့်ကြသည်။ ယင်းတို့သည်အ ပင်များ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များနှင့်အစေ့များစားသောက်ကြသည်။ ဖူဒူးသ မင်တို့သည်ယင်းတို့ကိုစားတတ်ကြသည့် သိမ်ငှက်၊ ခူဂါတောကြောင်ကြီးမျိုး၊ တောခွေးနှင့် သေးငယ်သောကြောင်များကိုကြောက်ကြရသည်။ ဖူဒူးသမင်ကြောက်သည့်အခါတွင်၎င်းတို့ သည်ခုန်ပေါက်ပြေးလွှားကာ သစ်ပင်ပေါ်သို့လည်းပြေးတက်နိုင်ကြသည်။

## ကမ္ဘာ့အကြီးဆုံးသားပိုက်ကောင်ကဘာလဲ။

သားပိုက်ကောင်အနီ (Red Kangaroo) သည် ကမ္ဘာ့အကြီးဆုံးသားပိုက်ကောင်တစ်ကောင်

ဖြစ်သည်။ သားပိုက်ကောင်သည် ဩစတြေးလျနိုင်ငံတွင် ပေါက်ဖွားသောတိရစ္ဆာန်ဖြစ်သည်။ ဤသားပိုက်ကောင်အနီမျိုးထဲမှ အဖိုများက အရပ်အမြင့် ၄ ပေ ၇ လက်မရှိပြီး ကိုယ်ခန္ဓာအလေးချိန်မှာ ၈၅ ကီလိုဂရမ်ရှိသည်။ အမများမှာအရပ်အမြင့် ၃ ပေ ၇ လက်မနှင့် ကိုယ်ခန္ဓာအလေးချိန်မှာ ၃၅ ကီလိုရှိသည်။ ဤသားပိုက်ကောင်မျိုးသည်ရပ်နေလျှင်အရပ် ၄ ပေ ၁၁ လက်မခန့်ရှိသည်။ သားပိုက်ကောင်အနီမျိုးကို ဩစတြေးလျနိုင်ငံအလယ်ပိုင်းဒေသတစ်ဝိုက်တွင်တွေ့ရှိရသည်။ ယင်းတို့သည် မြက်ပင်များကိုစားသုံးကြသည်။



## မပျံသန်းနိုင်သော ငှက်များထဲမှ အကြီးဆုံးငှက်ကဘာငှက်လဲ။

အာဖရိကတိုက်မှ ကုလားအုတ်ငှက်ကြီးများဖြစ်သည်။ ကိုယ်ခန္ဓာအရောင်မှာ အဖြူနှင့်မီးခိုးရောင်ရှိပြီးအမြီးတွင်အဖြူရောင်ရှိသည်။ လည်ပင်းနှင့်ခြေထောက်များမှာ အလွန်ရှည်လျားပါသည်။ ယင်းတို့သည် သစ်ရွက်နှင့်အင်းဆက်ပိုးကောင်ငယ်ကလေးများကို အစားအစာအဖြစ်စားသုံးသည်။ အများအားဖြင့် ငှက်ကုလားအုတ်များ အရွယ်ရောက်လျှင် အလေးချိန် ၆၃ မှ ၁၃၀ ကီလိုအထိရှိသည်။ သို့သော်တစ်ခါတစ်ရံအဖိုများက ၁၅၅ ကီလိုအထိရှိသည်။ ငှက်ကုလားအုတ်များမတ်တတ်ရပ်လျှင် ၆ – ၉ ပေအထိရှိပြီး တစ်နာရီလျှင် ၇၀ ကီလိုမီတာအထိပြေးနိုင်သည်။ ဤငှက်ကုလားအုတ်များသည် ၅ ကောင်မှ ၅၀ အထိ အုပ်စုဖွဲ့၍နေထိုင်ကြသည်။ ငှက်ကုလားအုတ်များမှာ ခြေထောက်များရှည်သောကြောင့်အပြေးမြန်ပြီး မိမိ၏ရန်သူများကို ခြေထောက်နှင့်ကန်တတ်ကြသည်။



## ကမ္ဘာပေါ်တွင် အသေးဆုံးငှက်ကဘာငှက်လဲ။

Bee Hummingbird သည်ကမ္ဘာပေါ်တွင်အသေးဆုံးငှက်ကလေးတစ်မျိုးဖြစ်သည်။ ယင်းသည် တစ်စက္ကန့်အတွင်းမိမိ၏တောင်ပံကို ၁၂ ကြိမ်မှအကြိမ် ၉၀ အထိ ရိုက်ခတ်တတ်သည်။ ယင်း



တို့၏အတောင်ပံရိုက်ခတ်သံမှာပျားတို့၏အသံတ ဝီဝီကြားရသည်။ ဤငှက်သည်အချိန်အနည်းငယ် ကာ လေဟုန်စီးပျံသန်းနိုင်ပါသည်။ ဤငှက်သည် နောက်ပြန်ပျံသန်းနိုင်သော တစ်မျိုးတည်းသော ငှက်ဖြစ်သည်။ ဤငှက်ကလေးသည် နှုတ်သီးရှည် ပြီး ပန်းဝတ်ရည်များကိုသောက်သုံးသည်။

## အဆိပ်အပြင်းဆုံးသော ပုတ်သင်ညိုကဘာလဲ။



ကီလာ (Gila Monster) ပုတ်သင်ညိုကြီးများ သည် ကမ္ဘာပေါ်တွင် အဆိပ်အပြင်းဆုံးပုတ်သင်ညို ကြီးဖြစ်သည်။ မက္ကဆီကိုနှင့်အမေရိကတောင်ပိုင်း တွင်ရှိသည်။ ဤပုတ်သင်ညိုသည် အရောင်အမျိုးစုံ နှင့်လှပသော်လည်း အဆိပ်အလွန်ပြင်းများပြားလှ သည်။ အကြီးဆုံးအရှည်မှာ ၆၀စင်တီမီတာရှိသည်။ ဤပုတ်သင်ညိုသည်ငှက်ကလေးများ၊ ဥများ၊ တစ်ခါ တရံဖားများ၊ အခြားပုတ်သင်ညိုလေးများနှင့်အခြား တိရစ္ဆာန်တို့၏ အသားပုပ်ကလေးများကိုစားသုံးကြသည်။



## ကမ္ဘာ့အကြီးဆုံး ဂဏန်းကဘာလဲ။

ဂျပန်ပင့်ကူဂဏန်း (Japanese Spider Crab) ကို ဂျပန်ပြည်တွင်တွေ့ရှိရပြီး များသောအားဖြင့်တောင် ပိုင်းတွင်ရှိသော ဟွန်ရှူးကျွန်းတွင်တွေ့ရသည်။ ဤ ဂဏန်းမျိုးသည် ကမ္ဘာ့အကြီးဆုံးဂဏန်းဖြစ်ပြီး ယင်း တို့၏လက်မမှာအရှည် ၁၂ ပေ ၆ လက်မနှင့်အလေး ချိန်မှာ ၁၉ ကီလိုအထိရှိသည်။ ဂျပန်ပင့်ကူဂဏန်း များသည် ခရုများနှင့်ပုဇွန်များနှင့် အခြားတိရစ္ဆာန် တို့၏ အသားပုပ်ကလေးများကိုစားသုံးကြသည်။ ဤတိရစ္ဆာန်တို့သည်နှစ် ၁၀၀ တိုင်အောင် အသက်ရှင်နေထိုင်ကြသည်။

## ကမ္ဘာ့အကြီးဆုံးလိပ်ကိုဘယ်မှာတွေ့ရမလဲ။




ကာလပတ်ကော့စ်လိပ် (Galalagos Tortoise) သည် ကမ္ဘာ့အကြီးဆုံးလိပ်ဖြစ်ပြီး၊ အင်ဒိုနီးရှား ကျွန်းစု ၇ စုတွင်တွေ့ရမည်။ ဤလိပ်များအရွယ် ရောက်လာသောအခါခန္ဓာကိုယ်အလေးချိန် ကီ လို ၃၀၀ ရှိပြီး အရှည်မှာ ၄ ပေလောက်ရှိသည်။ ယင်းတို့မှာအသက်အလွန်ရှည်ပြီးအသက် နှစ် ပေါင်း ၁၀၀ မှ ၁၅၀ အထိရှိသည်။ လိပ်တို့သည် နှေးကွေးသောသွားသွားသတ္တဝါဖြစ်သည်ဟုမှတ်ယူကြသည်။ သို့သော်လေ့လာတွေ့ရှိချက်အ ရတစ်နာရီ ၀.၃ ကီလိုမီတာအထိသွားနိုင်သည်ကိုတွေ့ရမည်။

## ကမ္ဘာ့အကြီးဆုံးကင်းလိပ်ချောကိုဘယ်မှာတွေ့ရမလဲ။

ရောမတရုတ်ကင်းလိပ်ချော (Chinese Giant Salamnder) သည် ကမ္ဘာ့အကြီးဆုံးကင်းလိပ် ချောဖြစ်သည်။ ဤကင်းလိပ်ချောမျိုးသည်အင်းဆက်ပိုးမွှားများ၊ ဖားများနှင့်ငါးများကို စားသုံး ကြသည်။ ယင်းကင်းလိပ်ချောမျိုးတို့သည် အရွယ်ရောက်သည့်အခါ ၂၅ – ၃၀ ကီလိုအကြား တွင်ရှိပြီး အရှည်မှာ ၃.၈ ပေရှိသည်။


## ကမ္ဘာ့ရေကူးအမြန်ဆုံးငါးကဘာလဲ။



အင်ဒိုပစိဖိတ်ငါး (Indo-Pacific Sailfish) တစ် မျိုးသည် ကမ္ဘာပေါ်တွင်ရေကူးအမြန်ဆုံးငါးဖြစ် သည်။ လေ့လာတွေ့ရှိချက်အရ ဤငါးသည်တစ် နာရီ ၁၁၀ ကီလိုမီတာအထိ ရေကူးနိုင်သည်။ အ ရွယ်ရောက်သည့်အခါအရှည် ၃.၄ မီတာနှင့်အ လေးချိန် ၁၀၀ ကီလိုမီတာကျော်ရှိသည်။ ဤငါး တွင်အရောင်အမျိုးမျိုးရှိသည်။ ဦးခေါင်းပိုင်းတွင် အပြာရောင်၊ ဘေးပိုင်းတွင် အညိုရောင်နှင့်ဝမ်းဗိုက်တွင်အဖြူရောင်ရှိသည်။ ဘေးတွင်အပြာ ရောင်အစင်းကြောင်း ၂၀ စင်းရှိသည်။ အင်ဒိုပစိဖိတ်ငါး (Indo-Pacific Sailfish) သည်ပင် လယ်ငါးဖြစ်ပြီး ပင်လယ်ထဲရှိ ငါးကလေးများကိုစားသုံးကြသည်။

## ကမ္ဘာ့အန္တရာယ်အမြန်ဆုံးငါးကဘာလဲ။

ဖီရာဟာငါး (Piranha) သည် ရေချိုငါးတစ်မျိုးဖြစ်ပြီးအန္တရာယ်အကြီးဆုံးငါးဖြစ်သည်။ ဤငါးကို အမေရိကတောင်ပိုင်းမြစ်ချောင်းများထဲတွင်သာတွေ့ရပြီး ဤငါးများသည် အပင်နှင့်အသား



စားငါးလည်းဖြစ်သည်။ ဤငါးသည် သွားကြီး၍သွားများစူးကြသည်။ ဖီရာဟာငါးသည် ၆ လက်မမှ ၁၀ လက်မအထိရှိသော်လည်း တစ်ခါတစ်ရံ ၁၈ လက်မအထိရှိသည်။ ငါးမန်းကဲ့သို့သောငါးများသည်မိမိတို့ထက်သေးငယ်သောအရာများကိုသာ လိုက်၍တိုက်ခိုက်သော်လည်း ဤငါးများမှာ မိမိထက်အကောင်ကြီးသောအကောင်များကိုလိုက်၍တိုက်ခိုက်သည်။ ဤငါးများသည်အညိုရောင်နှင့်အစိမ်းရောင်ရှိသည်။ ဖီရာဟာငါးများကို အမေဇုန်တွင်တွေ့ရှိပြီး အဖွဲ့လိုက်အစာရှာစားကြသည်။ စူးထက်နေသောသွားများက ပါးစပ်အပြည့်ရှိသောကြောင့်နွားတစ်ကောင်လုံးကို မိနစ်အနည်းငယ်အတွင်းအရိုးသာကျန်အောင် စားနိုင်သလိုလူများကိုလည်း ဤနည်းအတိုင်းတိုက်ခိုက်နိုင်သည်။

## ကမ္ဘာ့အဆိပ်အများဆုံးငါးဟာဘာလဲ။

ကျောက်ငါး (Stonefish) သည်အဆိပ်အများဆုံးငါးဖြစ်ပြီး၊ လူသားများကိုသတ်သေနိုင်သောစိုးရိမ်ဖွယ်ရာရှိသည်။ ဤငါးကို အင်ဒိုပစိဖိတ်ပင်လယ်ကမ်းခြေများတွင်တွေ့ရသည်။ အများ




အားဖြင့် ဤငါးမျိုးသည်ပင်လယ်ထဲတွင်နေပြီး ယင်းငါးမျိုး၏အမျိုးအနွယ်တစ်ချို့ကိုမြစ်ထဲတွင်တွေ့ရသည်။ ဤကျောက်ငါး၏အဆိပ်သည်ပါးဟက်အောက်ပသိလုံးထဲတွင်ရှိပြီး ယင်းတို့ကြောက်သည့်အချိန် သို့မဟုတ်တိုးမိတိုက်မိသည့်အချိန်တွင် ထိုပသိလုံးမှာပွင့်ထွက်လာသည်။ ဤငါးမျိုး၏အရောင်သည်မည်းနက်ပြီးအရေခွံတွန့်မာပြီးကျောက်နှင့်တူသည်။ တစ်ခါတလေရေငုံ့သမားများသည် ကျောက်ဟုထင်မိသဖြင့်နင်းမိကြသည်။

## ကမ္ဘာ့ဓါတ်အားအများဆုံးထုတ်လုပ်သောငါးဟာဘာလဲ။

ယင်းမှာ ဓါတ်ငါးရှဉ့် (Electric eel) ဟုခေါ်သည့် ခန္ဓာကိုယ်ထဲ၌ ဓါတ်အားများစွာရှိသောငါး တစ်မျိုးတည်းသာဖြစ်သည်။ ဤငါးရှဉ့်သည်စွမ်းအားကောင်းသောဓါတ်များထုတ်လွှင့်နိုင်ပြီးအခြားတိရစ္ဆာန်ကလေးများအား ဖမ်းစားရာတွင် ကိုယ်ကိုကာကွယ်ခုခံရာ၌ယင်းကိုအသုံးပြုသည်။ ဤဓါတ်ငါးရှဉ့်မျိုးသည်ရှည်ပြီး၊ ကိုယ်လုံးလုံး၍အရွယ်ရောက်သည့်အခါတွင် ၆ ပေနီးပါးလောက်ရှည်ပြီး ကိုယ်အလေးချိန် ၂၀ ကီလိုနီးပါးလေးသည်။ ကျောပြင်သည်အနက်ရောင်ရှိပြီးဝမ်းဗိုက်မှာ အဝါရောင် သို့မဟုတ် နီဝါရောင်ရှိသည်။ ယင်းတိရစ္ဆာန်မျိုးသည် ဓါတ်အား ၅၀၀ အထိထုတ်လုပ်နိုင်ပြီး၊ ယင်းဓါတ်အားသည် လူသားများကိုသေစေနိုင်သည်။ ဤဓါတ်ငါးရှဉ့်ကို အမေဇုန်မြစ်၊ အော်ရေနိုကိုမြစ်နှင့်တောင်အမေရိကမြစ်ဝှမ်းဒေသများ၊ ရေအိုင်များ၊ နှင့်ပင်လယ်ကမ်းခြေများတွင်တွေ့ရှိကြသည်။ အများအားဖြင့် ယင်းတို့သည် ရေအနယ်ထိုင်သည့်ရွှံ့နွံများအကြားတွင်နေလေ့ရှိသည်။ ဤငါးရှဉ့်မျိုးသည် အရိုးများမရှိသည့်တီကောင်များကိုစားပြီး၊ အရွယ်ရောက်သည့်အခါတွင် ငါးနှင့်သေးငယ်သောတိရစ္ဆာန်ကလေးများကိုလည်းစားကြသည်။

## ကမ္ဘာ့ခြေချောင်းအများဆုံးသက်ရှိသတ္တဝါဟာလဲ။





ယင်းမှာ ကင်းခြေများ (Millipede) ဖြစ်ပြီးအင်္ဂလိပ်တို့ကယင်းကို အီလန်မင်ဖလန်နီ (Illacme Plenipes) ဟုခေါ်ပါသည်။ ယင်းကိုကာလီဖိုးနီးယားပြည်နယ်အလယ်ပိုင်းဒေသ၊ အမေရိကန်သမ္မတနိုင်ငံတွင်တွေ့ရှိသည်။ ဤကင်းခြေများမျိုးမှာတစ်ကောင်လျှင်ခြေချောင်းအချောင်း ၆၀၀ ကျော်ရှိသည်။ ဤကင်းခြေများမျိုး၏အမသည်အရွယ်ရောက်သည့်အချိန်တွင် ခန္ဓာကိုယ်အရှည်မှာ ၁ လက်မကျော်ကျော်လေးရှိပြီး၊ အထီးမှာ အကောင်သေး၍ ခြေချောင်းအချောင်းပို၍နည်းသည်။

## ကမ္ဘာအရှားရခက်ဆုံးတောကြောင်မျိုးဟာဘာလဲ။

အီရီယိုမို့ကြောင် (Iriomote Cat) သည် ကမ္ဘာပေါ်တွင် အမျိုးတုံးသွားမည်ကိုစိုးရိမ်ရသည့် တိရစ္ဆာန်များထဲမှ တစ်မျိုးဖြစ်သည်။ ယင်းတိရစ္ဆာန်မျိုးကို ဂျပန်နိုင်ငံတွင်တွေ့မြင်ရသည်။ ယနေ့ဤတောကြောင်မျိုးသည် ကမ္ဘာပေါ်တွင်အကောင်ရေပေါင်း ၁၀၀ အောက်တွင်နည်းပါးစွာသာ ကျန်ရစ်သည်။ ယင်းတို့၏အမွေးအမှင်များမှာမှုန်မွှားပြီးအမည်းရောင်ရှိ၍အမြီးမှာ ရှည်လျားပြီး စုတ်ဖွားသည်။ ဤကြောင်မျိုးသည် လက်သည်းဖွက်ထားလို့မရပါ။ အရွယ်ရောက်သည့်အခါတွင်ယင်းတို့ဦးခေါင်းနှင့်ခန္ဓာကိုယ်၏အရှည်မှာ ၁၅ မှ ၂၆ လက်မအထိရှိပြီးခန္ဓာကိုယ်အမြင့်မှာပုခုံးကနေအောက်ခြေအထိ ၁၀ လက်မနီးပါးလောက်ရှိသည်။ အမြီးမှာ ၆ – ၁၈ လက်မအကြားရှည်သည်။



ဤကြောင်မျိုးစားသည့်အစားအစာများမှာ အသားများ၊ ရေထဲကငါးနှင့်ဂဏန်းများကိုလည်းရှာစားကြသည်။ ဤတိရစ္ဆာန်မျိုးမှာအရှားရခက်ပြီး အမျိုးတုံးပျောက်ကွယ်သွားမှာကိုစိုးရိမ်ကြသောကြောင့် ဂျပန်နိုင်ငံမှ တရားဥပဒေပြဋ္ဌာန်းပြီး တရားဝင်ပြန်လည်ကြည့်ရှုထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

## ကမ္ဘာအရှားရခက်ဆုံးသမင်မျိုးဟာဘာလဲ။

ယင်းမှာဦးချိုရှည်သောအာရေးဘီးယားသမင်မျိုး (Arabian Oryx) ၏အရင်းအမြစ်ကိုအာရေးဘီးယားကျွန်းဆွယ်၊ အလယ်ပိုင်းအာရှဒေသများတွင် တွေ့ရှိခဲ့သည်။ ၁၉၇၀ ခုနှစ်တွင်ဤတိရစ္ဆာန်သည် ကမ္ဘာပေါ်တွင် တစ်ခါအမျိုးတုံးပျောက်ကွယ်သွားခဲ့သည်။ သို့သော်ယင်းတို့ကိုကြိုးဝိုင်းသစ်တောတွင်ကြည့်ရှုထိန်းသိမ်းခဲ့သဖြင့် ဆက်လက်အသက်ရှင်နေခဲ့ပြီး ၁၉၈၀ ခုနှစ်တွင်တစ်ခါပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ၂၀၀၈ ခုနှစ်အတွင်း၌ ဤဦးချိုသမင်မျိုး တောနက်ထဲတွင်အကောင်ရေပေါင်း ၁,၁၀၀ ရှိနေသေးသည်ဟုခန့်မှန်းကြပြီး ကမ္ဘာ့တစ်ဝှမ်းလုံးတိရစ္ဆာန်ရုံများထဲတွင် အကောင်ရေပေါင်း ၆,၀၀၀ – ၇,၀၀၀ အကြား၌သာကျန်ရှိသည်။ ယင်းတို့သည် အရွယ်ရောက်သည့်အချိန်တွင် ခန္ဓာကိုယ်အမြင့်သည် ပုခုံးမှစ၍အောက်ခြေအထိ ၃၉ လက်မနီးပါးရှိပြီး ခန္ဓာကိုယ်အလေးချိန်မှာ ၇၀ ကီလိုအနီးအနားတွင်ရှိသည်။ ဤသမင်အမအထီး

နှစ်ကောင်စလုံး၏ဦးခေါင်းပေါ်တွင် ရှည်သောဦးချိုနှစ်ချောင်းရှိပြီး၊ တစ်ချို့မှာဖြောင့်တန်းပြီးတစ်ချို့မှာနည်းနည်းကောက်၍ ၎င်း၏အရှည်မှာ ၂၀ မှ ၃၀ လက်မအထိရှိသည်။ ယင်း၏ အဓိကအစားအစာများမှာ မြက်ပေါက်ပင်များဖြစ်သည်။ သို့သော် အခြားအပင်အရွက်၊ ဟင်းသီးဟင်းရွက်များကိုလည်းစားသုံးကြသည်။






# နိုင်ငံ



*ကမ္ဘာပေါ်မှာ နိုင်ငံဘယ်နှစ်နိုင်ငံရှိတယ်ဆိုတာ တွေ့ဖူးပါသလား။ သင့်ရဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့အကြောင်းကို သိပါသလား။ ကမ္ဘာ့အသေးဆုံးနိုင်ငံကဘာလဲ။ ဘယ်တိုက်ပြည်က အိမ်နီးချင်းနိုင်ငံအများဆုံးရှိသနည်း။ မည်သည့်နိုင်ငံကဘာသာစကားအများဆုံးပြောသနည်း စသည့်အထွေထွေဗဟုသုတများကို လေ့လာကြပါစို့။*

## ကမ္ဘာ့အကျယ်ပြန့်ဆုံးနိုင်ငံဟာဘာလဲ။

ကမ္ဘာ့အကျယ်ပြန့်ဆုံးနိုင်ငံမှာရုရှားနိုင်ငံဖြစ်ပြီး နိုင်ငံ၏ရေိယာအကျယ်အဝန်းမှာ ၁၇,၀၇၅,၄၀၀ စတုရန်းကီလိုမီတာရှိသည်။ ၎င်း၏အကျယ်အဝန်းမှာ အမေရိကနိုင်ငံနှစ်နိုင်ငံပေါင်းလောက်ရှိပြီးလူဦးရေပေါင်း ၁၄၂ သန်းလောက်ရှိသည်။




ရုရှားနိုင်ငံသည်ယူရေးရှတိုက်၏ မြောက်ဘက်ပိုင်းတွင်တည်ရှိသည်။ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနေထိုင်သော နိုင်ငံကိုးနိုင်ငံမြောက်ဟုနာမည်ကျော်ကြားသည်။ ဤနိုင်ငံတွင် ကမ္ဘာ့အကျယ်ပြန့်ဆုံးတောအုပ်ကြီးနှင့်ကမ္ဘာပေါ်ရှိ ရေချိုလေးပုံတစ်ပုံသည် ရုရှားနိုင်ငံ၏ရေအိုင်ကြီးများထဲတွင်ရှိသည်။

## ကမ္ဘာပေါ်တွင်အငယ်ဆုံးသောနိုင်ငံဟာဘာနိုင်ငံလဲ။

ကမ္ဘာပေါ်တွင်အငယ်ဆုံးသောနိုင်ငံမှာဗာတီကန် (The State of the Vatican City) သို့မဟုတ် ဟော်လီစီ (Holly See) ဟုခေါ်သောမြို့တော်ဖြစ်သည်။ ရိုမန်ကတ်သလိပ် ဂိုဏ်းချုပ်ကြီး ပုပ်ရဟန်းမင်းကြီးနေထိုင်သောမြို့တော်ဖြစ်သည်။ ယင်း၏ရေိယာ အကျယ်အဝန်းမှာ ၁၀၉ ဧကရှိပြီး လူဦးရေပေါင်း ၈၂၆ ယောက်နေထိုင်ကြသည်။ ဗာတီကန်နိုင်ငံသည်၊ အီတလီနိုင်ငံ၏မြို့တော်ဖြစ်သည့် ရောမမြို့တော်၏အနီးတွင်တည်ရှိသည်။ ဗာတီကန်မြို့တော်ကို ၁၉၂၉ ခုနှစ်၊ အီတလီနိုင်ငံနှင့်သဘောတူညီမှုပြုလုပ်ခဲ့ပြီးသည့်နောက်ပိုင်းတွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။



☐ ဗာတီကန်

## ကမ္ဘာပေါ်တွင်အငယ်ဆုံးသမ္မတနိုင်ငံဟာဘာလဲ။

နာအူရူနိုင်ငံ (Nauru) သည် ကမ္ဘာပေါ်တွင်အငယ်ဆုံးသမ္မတနိုင်ငံဖြစ်သည်။ ပစိဖိတ်ပင်လယ်၏မြောက်ပိုင်း၊ သြစတြေးလျနိုင်ငံနှင့်နယူးဇီလန်နိုင်ငံကြားတွင်တည်ရှိသည်။ ၎င်း၏အကျယ်အဝန်းမှာ ၅,၂၆၁ ဧကရှိသည်။ နာအူရူနိုင်ငံသည် ၁၉၆၆ ခုနှစ်တွင်သီးခြားနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီးမိမိကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်ရှိသောနိုင်ငံဖြစ်သည်။

## ကမ္ဘာပေါ်ရှိအခြားသောနိုင်ငံများနှင့်နယ်နိမိတ်အများဆုံးဆက်နေသောနိုင်ငံဟာဘာနိုင်ငံလဲ။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အိမ်နီးချင်းနိုင်ငံအများဆုံးနှင့်ဆက်နေသောနိုင်ငံဖြစ်သည်။ ယင်းနှင့်နယ်နိမိတ်ဆက်နေသော နိုင်ငံပေါင်း ၁၅ နိုင်ငံရှိပြီး ထိုနိုင်ငံများမှာမွန်ဂိုးလီးယား၊ ရုရှားနိုင်ငံမှာ၎င်း၏မြောက်ပိုင်း၊ အန္ဒိယနိုင်ငံ၊ နီပေါ(လ်)နိုင်ငံ၊ ဘူတန်နိုင်ငံ၊ မြန်မာနိုင်ငံ၊ လာအိုနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့မှာ ၎င်း၏တောင်ပိုင်းနှင့်နယ်နမိတ်ဆက်နေသည်။ မြောက်ကိုးရီးယားနိုင်ငံမှာ၎င်း၏အရှေ့ပိုင်း၊ ခါဇက်စတန်နိုင်ငံ၊ ကီရကစ္စတန်၊ ထာဂျစ်ကစ္စတန်၊ ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်နိုင်ငံများမှာ ၎င်း၏အနောက်ပိုင်းနှင့်ဆက်နေသည်။ တရုတ်နိုင်ငံမှာ ကမ္ဘာ့လူဦးရေအများဆုံးနေထိုင်သောနိုင်ငံလည်းဖြစ်သည်။

## ကမ္ဘာ့အရှည်ဆုံးနယ်နမိတ်ဆက်နေသောနိုင်ငံဟာဘာလဲ။

ကမ္ဘာ့အရှည်ဆုံးနယ်နမိတ်ဆက်နေသောနိုင်ငံမှာ အမေရိကနှင့်ကနေဒါနိုင်ငံဖြစ်သည်။ နယ်နမိတ်မှာ ၆,၄၁၆ ကီလိုမီတာရှိသည်။ ကနေဒါနိုင်ငံသည် အမေရိကနိုင်ငံတစ်နိုင်ငံတည်းနှင့်သာနယ်နမိတ်ဆက်နေသောနိုင်ငံဖြစ်သည်။




## ကမ္ဘာ့လူဦးရေအများဆုံးနေထိုင်သောနိုင်ငံဟာဘာလဲ။

ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီးလူဦးရေသန်းပေါင်း ၁,၃၃၈,၀၀၀,၀၀၀ ဦးရှိသည်။ ယင်းမှာဇွန်လ ၁၀ ရက်၊ ၂၀၁၀ ခုနှစ်တွင်သုတေသနပြုလုပ်ခဲ့ကြသည်။ အစိုးရမှအိမ်ထောင်စုတစ်စုလျှင် ကလေးတစ်ဦးတည်းသာရှိ

ရမည်ဟုတရားဥပဒေတွင် ပြဋ္ဌာန်းချမှတ်ထားသည်။ သို့သော် တောတောင်ဒေသတွင်နေထိုင်သောလူမျိုးစုများအတွက် ချွင်းချက်အဖြစ်ရှိသည်။

## ကမ္ဘာ့လူဦးရေအနည်းဆုံးနေထိုင်သောနိုင်ငံဟာဘာလဲ။

ထိုနိုင်ငံမှာ ဗာတီကန်မြို့တော်ဖြစ်သည်။ ဇူလိုင်လ၊ ၂၀၀၉ ခုနှစ် သုတေသနပြုလုပ်ခဲ့သည့်အရ ထိုမြို့တော်တွင် လူဦးရေ ၈၂၆ ဦးသာနေထိုင်ကြသည်။

## ကမ္ဘာပေါ်တွင်ဘာသာစကားအများဆုံးပြောဆိုသောနိုင်ငံဟာဘာနိုင်ငံလဲ။

ပါပူဝါ နယူးဂီနီ (Papua New Guinea) ဟုခေါ်သောနိုင်ငံဖြစ်သည်။ ထိုနိုင်ငံတွင် ဘာသာစကားပေါင်း ၈၂၀ ပြောဆိုကြပြီး ကမ္ဘာပေါ်တွင်ပြောဆိုသောဘာသာစကား ၁၁.၈၆ ရာခိုင်နှုန်းမျှလောက်ပါရှိသည်။ ဩစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံအကြားတွင် ရှိပြီး၊ ပင်လယ်များဝိုင်းရံထားသောနိုင်ငံဖြစ်သည်။ ထိုနိုင်ငံ၏ဧရိယာအကျယ်အဝန်းမှာ ၄၆၂,၈၄၀ စတုရန်းကီလိုမီတာရှိပြီး နိုင်ငံသားလူဦးရေပေါင်း ၆,၇၃၂,၀၀၀ ဦးရှိသည်။

## ကမ္ဘာ့ကျွန်းစုအများဆုံးရှိသောနိုင်ငံဟာဘာလဲ။

ကမ္ဘာ့ကျွန်းစုအများဆုံးရှိသောနိုင်ငံဟာ အင်ဒိုနီးရှားနိုင်ငံဖြစ်သည်။ အနောက်တောင် အာရှရှိ ပစိဖိတ်ပင်လယ်နှင့် ဩစတြေးလျနိုင်ငံနယ်နမိတ်တွင် တည်ရှိသောကြောင့် မီးတောင်များစွာရှိပြီး မီးတောင်ပေါင်း ၁၅၀ မျှလောက်ပေါက်ကွဲခဲ့ပြီးဖြစ်သည်။ ကျွန်းစုပေါင်း ၁၇,၅၀၈ ကျွန်းရှိသည်။ နိုင်ငံသားလူဦးရေသန်းပေါင်း၂၃၀ သန်းရှိပြီး အများစုမှာ မူစလင်လူမျိုးများဖြစ်ကြသည်။ နိုင်ငံတစ်နိုင်ငံလုံး၏ ဧရိယာအကျယ်အဝန်းမှာ ၁,၉၁၉,၄၄၀ စတုရန်းကီလိုမီတာရှိသည်။

## ကမ္ဘာ့ရေအိုင်အများဆုံးရှိသောနိုင်ငံဟာဘာလဲ။

ကမ္ဘာ့ရေအိုင်အများဆုံးရှိသောနိုင်ငံမှာ ဖင်လန်နိုင်ငံဖြစ်ပြီး ရေအိုင်ပေါင်း ၁၈၇,၈၈၈ အိုင်ရှိသည်။ ရေအိုင်တစ်အိုင်နှင့်တစ်အိုင်၏အကျယ်အဝန်းမှာ ၅၀၀ စတုရန်းမီတာရှိသည်။ ရေအိုင်များမှာ ကျဉ်းမြောင်းသောရေအိုင်ဖြစ်သော်လည်းရေအိုင်ပေါင်း ၃၀၉ အိုင်၏အကျယ်မှာ ၁၀ စတုရန်းကီလိုမီတာရှိသည်။

## ကမ္ဘာ့ရွှေအများဆုံးထုတ်လုပ်သောနိုင်ငံဟာဘာလဲ။




ကမ္ဘာ့ရွှေအများဆုံးထုတ်လုပ်သောနိုင်ငံမှာ တောင်အာဖရိကတိုက်၊ ဂျိုဟန်နားဘတ် (Johannesburg) တွင်ရှိပြီးအဓိက ကုန်ကူးသန်းရောင်း ဝယ်သောမြို့တော်တစ်မြို့လည်းဖြစ်သည်။ ရွှေတူးဖော်သည့်နေရာအကျယ်ဆုံးရှိသောဒေသဖြစ်သည်။ ရွှေရှိရာနေရာသို့ဆင်းသွားရာတွင်မြေအနက် ၃,၉၀၀ မီတာလောက်တူးဖော်ရသည်။ ရွှေများကိုအများအားဖြင့်တောင် အာဖရိကဘက်တွင်အများဆုံးတွေ့ရှိသည်။

• • • • • • • • • • • • •